# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ပညာရေးဝန်ကြီးဌာနပိုင် ကျောင်းမြေနေရာများတွင် အဆောက်အဦ နှင့်ဆိုင်ခန်း ဆောက်လုပ်ထားပြီး ငှားရမ်းခရယူထားသော ငွေကြေးများအပေါ် မည်သို့စီမံခန့်ခွဲနေသည်နှင့် ကျောင်းများကို ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီးပြန်လည် ရယူခြင်းကိုဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာဆရာမ များ မနစ်နာရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း | ၉ |
| ၈ | မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်အသင်းမှ လွှဲပြောင်းပေးအပ် ခဲ့သော CSR ရန်ပုံငွေအား မော်လူးရတနာမြေဒေသခံများထံ မည်သည့်နေ့ရက်တွင်ပေးအပ်မည်၊ လပြောင်းပေးအပ်ခဲ့သည့် CSR ရန်ပုံငွေ၏ (အရင်း၊ ဘဏ်တိုး)ပမာဏနှင့် ရန်ပုံငွေပေးအပ်ရန် ကြန့်ကြာနေခြင်းအတွက် တွေ့ကြုံနေရသည့် အခက်အခဲများကို မဲဆန္ဒရှင်များထံ ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | တရားမဝင်ကျောက်စိမ်းခိုးထုတ်သယ်ယူမှုများမှ ဖမ်းဆီးရမိသော ကျောက်စိမ်းရတနာများအား မည်ကဲ့သို့ထိန်းသိမ်းထားပြီး စီမံခန့်ခွဲ | ၁၇ |

သည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

| | | |
|---|---|---|
| ၁၀ | Fortuna metals limited မှ အဆိုပြုလျှောက်ထားသော လုပ်ကွက် (၁)မှ ၁၅၂၄၇၇.၁၉၁ ဧကနှင့် လုပ်ကွက်(၂)မှ ၁၅၂၁၈၉.၂၃၉ ဧကအား ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပေးနေမှုကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၁ | ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၂၅ |
| ၁၂ | ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည် စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၆ |
| ၁၃ | ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၃၄ |
| ၁၄ | ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသည့် ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များ တွင်စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက် ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်မှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၅ |
| ၁၅ | ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၄ |
| ၁၆ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း | ၅၁ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

**ဒသမနေ့ အစီအစဉ်**

**[ ၂၄-၅-၂၀၁၉ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစောကျော်ဝင်းမောင်၊ ကျိုက်မရော မဲဆန္ဒနယ်၏ **ပညာရေးဝန်ကြီး ဌာနပိုင်ကျောင်းမြေနေရာများတွင် အဆောက်အဦနှင့် ဆိုင်ခန်း ဆောက်လုပ်ထားပြီး ငှားရမ်းခ ရယူထားသော ငွေကြေးများအပေါ် မည်သို့ စီမံခန့်ခွဲနေသည်နှင့် ကျောင်းများကို ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှု ရှိစေရန်အတွက် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီး ပြန်လည်ရယူခြင်းကို ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၈–၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးမောင်သင်း၊ မိတ္ထီလာ မဲဆန္ဒနယ်၏ **ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာ၊ ဆရာမများ မနစ်နာရေးအတွက် ဆောင်ရွက်ပေးရန်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဒေါ်ပြုံး၊ အင်းတော် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်အသင်းမှ လွှဲပြောင်းပေးအပ်ခဲ့သော CSR ရန်ပုံငွေအား မော်လူးရတနာမြေဒေသခံများထံ မည်သည့် နေ့ရက်တွင်ပေးအပ်မည်၊ လွှဲပြောင်းပေးအပ်ခဲ့သည့် CSR ရန်ပုံငွေ၏( အရင်း၊ ဘဏ်တိုး) ပမာဏနှင့် ရန်ပုံငွေပေးအပ်ရန် ကြန့်ကြာနေခြင်းအတွက် တွေ့ကြုံနေရသည့် အခက်အခဲများကို မဲဆန္ဒရှင်များထံ ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **တရားမဝင် ကျောက်စိမ်းခိုးထုတ်သယ်ယူမှုများမှ ဖမ်းဆီးရမိသော ကျောက်စိမ်းရတနာများအား မည်ကဲ့သို့ ထိန်းသိမ်းထားပြီး စီမံခန့်ခွဲသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **Fortuna metals limited မှ အဆိုပြုလျှောက်ထားသော လုပ်ကွက် (၁) မှ ၁၅၂၄၇၇.၁၉၁ ဧကနှင့် လုပ်ကွက် (၂)မှ ၁၅၂၁၈၉.၂၃၉ ဧကအား ခွင့်ပြုမိန့်ရရှိရေး ဆောင်ရွက်ပေးနေမှုကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန် ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏ အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ပေးအပ်သော ဘွဲ့နှင့် လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့် ပညာသင် တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူ ပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်း လေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများ ပြုလုပ်၍ အဆင့်မြင့်ပညာ မြှင့်တင်မှုကို ဆောင်ရွက် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်၊

(ခ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၊

(ဂ) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး၊ တပ်မတော်သားကိုယ်စားလှယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ဒသမနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်

## (၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒသမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၇ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၃၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၂) ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း ခွင့် ၁ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၄) လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ခွင့် ၁ ရက်၊

(၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၆) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း ခွင့် ၁ ရက်၊

(၇) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊

(၈) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ခွင့် ၁ ရက်၊

(၉) ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင် ခွင့် ၁ ရက်၊

(၁၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၁၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊

(၁၂) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၁၄) ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ ခွင့် ၁ ရက်၊

(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၁၆) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၁၇) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၈ ရက်၊

(၁၈) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၁၉) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊

(၂၀) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၂၁) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၁ ရက်၊

(၂၂) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

(၂၃) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၁ ရက်၊

(၂၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၂၅) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်နှင့်

(၂၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၀ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ပညာရေးဝန်ကြီးဌာနပိုင် ကျောင်းမြေနေရာများတွင် အဆောက်အဦနှင့်ဆိုင်ခန်း ဆောက်လုပ်ထားပြီး ငှားရမ်းခရယူထားသော ငွေကြေးများအပေါ် မည်သို့စီမံခန့်ခွဲနေသည်နှင့် ကျောင်းများကို ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီးပြန်လည် ရယူခြင်းကိုဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောကျော်ဝင်းမောင်(ကျိုက်မရောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ခန်းမတွင်းရှိ ဂုဏ်သရေရှိပုဂ္ဂိုလ်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပညာရေးမြှင့်တင်မှုကော်မတီ အဖွဲ့ဝင် ဦးစောကျော်ဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တဲ့မေးခွန်းကတော့ ပညာရေး ဝန်ကြီးဌာနပိုင် ကျောင်းမြေနေရာများ အထူးသဖြင့် မြို့ပေါ်ကျောင်းများကိုငှားရမ်းပြီး အဆောက်အဦနှင့် ဆိုင်ခန်းဆောက်လုပ်ထားခြင်းများနှင့် စပ်လျဉ်း၍ ငှားရမ်းရယူထားသော ငွေကြေးများအပေါ် မည်သို့မည်ပုံစီမံခန့်ခွဲနေသည်ကို ပွင့်လင်းမြင်သာစွာ သိရှိရန်လိုအပ်ခြင်းနှင့် ကျောင်းများသည် ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန်အတွက် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီး ပြန်လည်ရယူခြင်းများကို ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းရင်းကတော့ (၅)ချက်ရှိပါတယ်။ ကျောင်းသားကျောင်းသူများ အတွက် အဆောက်အဦ၊ ဥပမာ-စာသင်ခန်း၊ ကစားကွင်းလုံလောက်မှုမရှိတာဖြစ်ပါတယ်။ ကျောင်း ဥပဓိရုပ်ကို ထိခိုက်နေပါတယ်။ ငွေကြေးစီမံခန့်ခွဲရာမှာလည်း ကျောင်းအဆောက်အဦငှားရမ်းခြင်း အတွက် ပွင့်လင်းမြင်သာမှုမရှိတာကို တွေ့ရပါတယ်။ ကျောင်းများအတွက် အထွေထွေအသုံးစရိတ်

ရန်ပုံငွေများကို ဌာနမှခွဲဝေပေးထားတာဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူဟောင်းများနဲ့ မိဘများနဲ့ လက်ရှိကျောင်းသားကျောင်းသူများအနေနဲ့ ကိုယ်နေခဲ့တဲ့ကျောင်း၊ ကိုယ်နေနေတဲ့ကျောင်းအပေါ်မှာ စိတ်ပိုင်းဆိုင်ရာအရ ဒီလိုဥပမိရုပ်ထိခိုက်တဲ့အတွက်ကြောင့် ခံစားရတာရှိပါတယ်။ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များအနေနဲ့ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်မှုများရှိခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ညွှန်ကြားစာများနဲ့ပတ်သက်ပြီး တင်ပြထားတာဖြစ်ပါတယ်။ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး(အနောက်ပိုင်း)ခရိုင် ရုံး စသည်ဖြင့် ညွှန်ကြားချက်တွေထုတ်ပြန်ခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ဆက်တိုက် နှစ်တိုင်းထုတ်ခဲ့တာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းရှိ ကျောင်းနှစ်ကျောင်းရဲ့ နမူနာ အဖြစ် လက်ရှိအနေအထားကို တင်ပြသွားမှာဖြစ်ပါတယ်။ အ.ထ.က(၁)လမ်းမတော် ဖြစ်ပါတယ်။ လမ်းမတော် ကျောင်းအတွင်းမှာရှိတဲ့ အဆောက်အဦတွေပေါ်မှာ သွပ်ပြားတွေနဲ့ ဒီလိုကာရံထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါက ဆိုင်ခန်းတွေရဲ့ မီတာဘောက်စ်အဟောင်းတွေ ဖြစ်ပါတယ်။ ဆိုင်ခန်းအဆောက်အဦ တွေရဲ့ အနောက်ဘက်ကရိုက်ထားတဲ့ ပုံတွေဖြစ်ပါတယ်။ လမ်းမတော်ကျောင်းနဲ့ပတ်သက်ပြီး ဆရာမ တစ်ဦးရဲ့တင်ပြချက်အရ ငါးနှစ်စာချုပ်ချုပ်ထားပေမဲ့ ယနေ့အချိန်ထိဆိုရင် ၁၇ နှစ်ကြာပြီးပြီလို့ ပြောပြ သွားခဲ့ပါတယ်။ ဆက်လက်ပြီး နောက်တစ်ကျောင်း နမူနာအနေနဲ့ အမှတ်(၂၅)အ.မ.က ဗဟန်းမြို့နယ်ကို တင်ပြသွားမှာဖြစ်ပါတယ်။။ ဒီကျောင်းမှာလည်း ဒီလိုပဲ ဆိုင်ခန်းတွေဆောက်လုပ်ထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျောင်းအုပ်ကြီးရဲ့တင်ပြချက်အရ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲရှိနေပြီး လစာ မယူဘဲ သူတို့ကိုဖယ်ခိုင်းထားတာက ဒီနေ့အထိ ဒီလိုပဲ တိုးလို့တန်းလန်းဖြစ်နေတယ်ဆိုတာကို ကျောင်းအုပ်ကြီးကတင်ပြသွားပါတယ်။

ဆက်စပ်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ကံမမြို့မှာရှိတဲ့ အထက်တန်းကျောင်းပိုင်မြေနဲ့ ကျောင်းကို သမဝါယမအသင်းက ငှားရမ်းထားတာဆိုလို့ရှိရင် ယနေ့အထိ တိကျပြတ်သားမှုမရှိဘဲနဲ့ ဒီဟာတွေဟာ တိုးလို့တန်းလန်းဖြစ်နေတဲ့အနေအထားတွေ စာသင်ကျောင်းရဲ့ ကျောင်းအဆောက်အဦနဲ့ မြေတွေဆုံးရှုံးနေတာကို ထိခိုက်နစ်နာနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံး အထူးသဖြင့် မြို့ပေါ်တွေမှာ ပညာရေးဌာနပိုင် ကျောင်းမြေနေရာများကို ငှားရမ်းပြီးအဆောက်အဦနဲ့ ဆိုင်ခန်းများ ဆောက်လုပ်ထားခြင်းနှင့်စပ်လျဉ်း၍ ငှားရမ်းရယူထားသောငွေကြေးများအပေါ် မည်သို့ မည်ပုံစီမံခန့်ခွဲ နေသည်နှင့် ကျောင်းများဟာ ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် လုပ်ငန်းများကို

ဖျက်သိမ်းပြီး ပြန်လည်ရယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်နေတော် ဦးဝင်းမော်ထွန်းက မွန်ပြည်နယ်၊ ကျိုက်မရောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောကျော်ဝင်းမောင်ရဲ့ မေးခွန်းဖြစ်သော ပညာရေးဝန်ကြီးဌာနပိုင် ကျောင်းမြေနေရာများ အထူးသဖြင့် မြို့ပေါ်ကျောင်းများကို ငှားရမ်းပြီး အဆောက်အဦနှင့်ဆိုင်ခန်း ဆောက်လုပ်ထားခြင်းများနှင့်စပ်လျဉ်း၍ ငှားရမ်းရယူထားသော ငွေကြေးများအပေါ် မည်သို့မည်ပုံစီမံခန့်ခွဲနေသည်ကို ပွင့်လင်းမြင်သာစွာ ချပြရန်လိုအပ်ခြင်းနှင့် ကျောင်းများသည် ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် အဆိုပါလုပ်ငန်းများကို ဖျက်သိမ်းပြီး ပြန်လည်ရယူခြင်းများကို ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းမြေနေရာများမှာ ယခင်က ငှားရမ်းရယူတဲ့ဆောင်ရွက်တဲ့လုပ်ငန်းများရှိပါက ဒီလုပ်ငန်းနေရာကနေ ရရှိတဲ့ငွေကြေးကို ကျောင်းများမှ အသုံးပြုခွင့်ပေးမထားဘဲ ရငွေများအားလုံးကို နိုင်ငံတော်ဘဏ္ဍာသို့ အားလုံးပေးသွင်းရပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ယခင်ငှားရမ်းထားတဲ့ လုပ်ငန်းများအားလုံးကို စာချုပ်သက်တမ်းစေ့လျှင် စာချုပ်သက်တမ်းအသစ်တိုးပေးခြင်း၊ စာချုပ်သက်တမ်းထပ်မံပြင်ဆင်ခြင်း၊ စာချုပ်အသစ်ချုပ်ဆိုခြင်းများကို လုံးဝခွင့်မပြုတော့ဘဲ သက်တမ်းပြည့်သည်နှင့် ဆက်လက်ငှားရမ်းခြင်းမပြုရန် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ ဆောင်ရွက်ထားပေမဲ့ သက်တမ်းပြည့်သော်လည်း လက်ဝယ်ပြန်လည်မရရှိသေးတဲ့ မြေနေရာနှင့်အဆောက်အဦများကို ဌာနလက်ဝယ်ရရှိရေးအတွက်

တရားစွဲဆိုခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် စီမံခန့်ခွဲမှုနည်းလမ်းများအရ ညှိနှိုင်းဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းအား ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စေဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်မြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မနေ့က ကျောင်းအဆင့်မြှင့်တင်တဲ့စာရင်းမှာ ကျွန်မအခုမေးခွန်းမေးထားတဲ့စာရင်းက ကျောင်းအဆင့်တိုးအဖြစ်ပါရှိသွားတဲ့အတွက် မဲဆန္ဒရှင်ပြည်သူများနှင့်ထပ်တူ ကျွန်မအနေနဲ့ ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ရှိပါသလား။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ မေးခွန်းဖြစ်သော ရသေ့တောင်မြို့နယ်၊ ရေမျက်အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ယမန်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကနေ တစ်ပြည်လုံးမှာရှိတဲ့ကျောင်းများ အဆင့်မြှင့်တင်ခြင်း

အားလုံး ၅၆၅၁ ကျောင်းကို ခွင့်ပြု ဆောင်ရွက်ပေးပြီးပါကြောင်း ဖြည့်စွက်တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တိုးမြှင့်ပြီးတဲ့စာရင်းများကို ပညာရေးဝန်ကြီးဌာနရဲ့ Internet စာမျက်နှာမှာ ကြေညာထားပြီးဖြစ်သလို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်ပါရန်အတွက် ပညာရေး မြှင့်တင်မှုကော်မတီဥက္ကဋ္ဌထံ တင်ပြထားပြီးဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာဆရာမများ မနစ်နာရေးအတွက် ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာဦးမောင်သင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဦးမောင်သင်း (မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပဏာမဆုတောင်းလိုက်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အခြေခံဆရာဆရာမများအတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာဆရာမများ မနစ်နာရေးအတွက် ဆောင်ရွက်ပေးပါရန်ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

အထက်ပါကိစ္စနှင့်ပတ်သက်ပြီး မူလတန်းကျောင်းအုပ်ကြီးများဟာ ပညာရှင်အဆင့်-၃ များ ဖြစ်ကြ၍ လစာအားဖြင့် ကျပ် ၂၁၆၀၀၀+၂၀၀၀+၂၂၆၀၀၀ မှာဆုံးကြပါတယ်။ ကျွန်တော့်ဌာနက မဲဆန္ဒရှင်ဆရာမကြီးနှစ်ဦးရဲ့ တင်ပြချက်အရ ထိုဆရာမကြီးများ ကျောင်းအုပ်ကြီးအဖြစ် ထမ်းဆောင် ခဲ့တဲ့ ကျောင်းများဟာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်သွားပါသဖြင့် မူလတန်းကျောင်းအုပ် ဆရာမများကို အလယ်တန်းဆရာမများအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပါတယ်။ ထိုသို့ ပြောင်းရွှေ့ ပေးခဲ့သဖြင့် အလယ်တန်းပြဆရာဆရာမများ၏ လစာမှာ ၁၉၈၀၀၀+၂၀၀၀+၂၀၈၀၀၀ ဖြစ်ပါတယ်။

သို့ပါ၍ နှစ်တိုးမပါ လစာအရင်းမှာပင် မူလရရှိသောအလစာအရင်းမှာထက် ကျပ် ၁၄၀၀၀ လျော့နည်းနေပါတယ်။ ထိုသို့ လစာလျော့နည်းနေတာဟာ ကျွန်တော်နားလည်ထားသလောက် ပြစ်မှု တစ်ခုခုရှိမှသာလျှင် နိုင်ငံ့ဝန်ထမ်းဥပဒေအရ လျော့ချခွင့်ရှိပါသည်။ ယခုကိစ္စတွင် ဆရာမနှစ်ဦးသာ ပြစ်မှုကျူးလွန်ခဲ့ခြင်းကြောင့် ပြစ်ဒဏ်ချခံရခြင်းမဟုတ်ဘဲ ဆရာဆရာမနှစ်ဦးတာဝန်ထမ်းဆောင်ရာ

အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သွားသဖြင့် ထိုကျောင်းတွင် ဆရာမနှစ်ဦးရဲ့ ရာထူးပျောက်သွားခြင်းသာဖြစ်ပါတယ်။ အဓိကတာဝန်ရှိသူ ပညာရေးမှူးတွေအနေဖြင့် လစာနစ်နာမှုမရှိဘဲ စီမံခန့်ခွဲရန် လိုအပ်တယ်လို့ မြင်ပါတယ်။ သို့ပါ၍ ရာထူးပြောင်းလဲမှုကြောင့် အပြစ်မရှိဘဲ လစာလျော့နည်းသွားနေမှုအား (က) အဆိုပါဆရာမနှစ်ဦးနှင့် (ခ) တစ်ပြည်လုံးရှိ ထိုကဲ့သို့အဖြစ်မျိုး ကြုံတွေ့နေရသည့် ဆရာမများ နစ်နာမှုမရှိရလေအောင် ဆောင်ရွက်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော်ကပဲ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါက်တာဦးမောင်သင်း၏ မေးခွန်းဖြစ်သော ရာထူးပြောင်းလဲမှုကြောင့် လစာလျော့နည်းသွားသည့် ဆရာဆရာမများ မနစ်နာရေးအတွက် ဆောင်ရွက်ပေးရန်ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနမှာ မူလတန်းပြဆရာဆရာမများအား ပညာရှင်အဆင့်-၁၊ အလယ်တန်းပြမူလတန်းကျောင်း ပညာရှင်အဆင့်-၂၊ အထက်တန်းပြများအား ပညာရှင်အဆင့်-၃ အဖြစ်သတ်မှတ်ပြီး အလယ်တန်းပြနှင့်မူလတန်းကျောင်းသည် လစာနှုန်းတူဖြစ်ပါတယ်။ အလယ်တန်းပြသည် သင်ကြားရေးတာဝန်ကိုသာ ထမ်းဆောင်ရပြီး မူလတန်းကျောင်းအုပ်သည် စီမံခန့်ခွဲမှုတာဝန်အပြင် လိုအပ်ပါက သင်ကြားရေးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရပါကြောင်း တင်ပြအပ်ပါတယ်။

၎င်းအပြင် လက်ရှိ အခြေခံပညာမူလတန်းကျောင်း၊ အခြေခံပညာမူလတန်း(လွန်) ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် တာဝန်ထမ်းဆောင်နေကြသော ကျောင်းအုပ်များမှာလည်းမူလတန်းကျောင်းအုပ်ရာထူးများပင် ဖြစ်ပါတယ်။ ထိုကဲ့သို့ တိုးမြှင့်လစာငွေ၊ ချီးမြှင့်ငွေ ခံစားခွင့်

ပြုခြင်းသည် အလယ်တန်းပြသင်ကြားရေးဆရာဆရာမများကို ချီးမြှင့်ခြင်းမဟုတ်ဘဲ စီမံခန့်ခွဲ အုပ်ချုပ်မှုတာဝန်ကို ထမ်းဆောင်နေရတဲ့ ကျောင်းအုပ်ကြီးများကိုသာ ခံစားခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအနေဖြင့် လက်ရှိအခြေအနေမှာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)များမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်သွားပါသဖြင့် အခြေခံပညာကျောင်းများရှိ မူလတန်းကျောင်းအုပ် ချီးမြှင့်လစာစားနေရာမှ အလယ်တန်းပြ၊ ဒု-လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် ရာထူးပြောင်းလဲတာဝန်ထမ်းဆောင်သွားတဲ့ ဆရာဆရာမတွေမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ထမ်းဆောင်နေတဲ့ တာဝန်အရ လစာခြားနားမှုများရှိသွားပါတယ်။ သို့သော် ပြန်လည်စိစစ်တဲ့အခါမှာ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ဆရာမနှစ်ဦးအပါအဝင် တစ်ပြည်လုံးမှာ အလားတူ လစာနှုန်းကွာခြားသွားတဲ့ ဆရာဆရာမပေါင်း ၃၀၇ ဦးရှိပါတယ်။ သူတို့အားလုံးကို မူလအတိုင်း လစာပြန်ခံစားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးပြီးဖြစ်တဲ့အပြင် လာမည့် ၂၀၁၉ ခုနှစ် ဇွန်လ လစာကနေစပြီး ယခင်အတိုင်းခံစားခွင့်ရရှိအောင် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်အသင်းမှ လွှဲပြောင်းပေးအပ်ခဲ့သော CSR ရန်ပုံငွေအား မော်လူးရတနာမြေဒေသခံများထံ မည်သည့်နေ့ရက်တွင်ပေးအပ်မည်၊ လွှဲပြောင်းပေးအပ်ခဲ့သည့် CSR ရန်ပုံငွေ၏(အရင်း၊ ဘဏ်တိုး)ပမာဏနှင့် ရန်ပုံငွေပေးအပ်ရန် ကြန့်ကြာနေခြင်းအတွက် တွေ့ကြုံနေရသည့် အခက်အခဲများကို မဲဆန္ဒရှင်များထံ ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ မော်လူးရတနာမြေဒေသခံ မဲဆန္ဒရှင်များရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်အသင်းမှာ လွှဲပြောင်းပေးအပ်ခဲ့သော CSR ရန်ပုံငွေအား မော်လူးရတနာမြေဒေသခံများထံ မည်သည့်နေ့ရက်တွင်ပေးအပ်မည်၊ လွှဲပြောင်းပေးအပ်ခဲ့သည့် CSR ရန်ပုံငွေ၏ လွှဲပြောင်းငွေ+ဘဏ်တိုးပမာဏနှင့် ရန်ပုံငွေပေးအပ်ရန် ကြန့်ကြာနေခြင်းအတွက် တွေ့ကြုံရသည့်အခက်အခဲများကို မဲဆန္ဒရှင်များထံ ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန်အစီအစဉ်ရှိ/မရှိ

မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်၊ မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းအသင်းဟာ အမေရိကန်ဒေါ်လာ ၆ သန်းကို အောက်ပါရတနာမြေများသို့ CSR ရန်ပုံငွေဖြင့် ပေးအပ်ရန်ဆုံးဖြတ်ခဲ့ပါကြောင်း ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ နေ့စွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရထံကို စာဖြင့်အကြောင်းကြားခဲ့ပါတယ်။ ဖားကန့်ရတနာမြေသို့ အမေရိကန်ဒေါ်လာ ၂ သန်း၊ မိုးကုတ်၊ မိုင်းရှူး၊ ခန္တီးရတနာမြေများအတွက် အမေရိကန်ဒေါ်လာ ၁ သန်းစီနဲ့ မော်လူး၊ မော်ဟန်ရတနာမြေအတွက် ဒေါ်လာ ၁ သန်းပါရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်၊ CSR ဆိုတာ Corporate Social Responsibility လူမှုရေးအရ ပူးပေါင်းခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများ၊ လုပ်ငန်းများကိုလုပ်ဆောင်တဲ့နေရာမှာ PPP ကို လိုက်နာရပါတယ်။ ပထမ P ပရောဖစ် အမြတ်အစွန်းအတွက်၊ ဒုတိယ P People ကအလုပ်သမား၊ ဖောက်သည်နှင့် ဒေသခံလူများအတွက်နှင့် တတိယ P Planted သဘာဝပတ်ဝန်းကျင်အဖြစ် အလေးအနက်ထားရပါတယ်။ လုပ်ငန်းရှင်များကြောင့် ရပ်ရွာအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်များ ပျက်စီးမှုဖြစ်ပေါ်လာပါက ထိခိုက်ခံစားရသော ရပ်ရွာရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ပူးပေါင်းထည့်ဝင်ပေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်၊ မော်လူးရတနာမြေအတွက် CSR ရန်ပုံငွေ US ဒေါ်လာ ၅ သိန်းနှင့်ညီမျှသော မြန်မာကျပ်ငွေနှင့်အတိုးစုစုပေါင်း သိန်းပေါင်း ၇၁၀၈.၆၈၉ သိန်းကို ၃၁-၃-၂၀၁၇ ရက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လွှဲပြောင်းလက်ခံခဲ့ပါကြောင်း စာနဲ့ဖြေကြားထားပါတယ်။ ယနေ့ဆိုလျှင် နှစ်နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ CSR နှင့်ပတ်သက်၍ မည်သည့်ရန်ပုံငွေ၊ မည်သည့်ဖွံ့ဖြိုးရေးမှ ခံစားရခြင်းမရှိသေးပါ။ ဥက္ကဋ္ဌကြီးရှင်၊ နစ်နာခဲ့သော မော်လူးရတနာမြေဟာ သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၁၈-၁၀-၂၀၀၁ ခုနှစ် ရက်စွဲပါကြော်ငြာစာအမှတ် အမိန့်ကြော်ငြာစာအမှတ်(၉၀/၂၀၀၁)ဖြင့် ခွင့်ပြုခဲ့ပြီး အကျယ်အဝန်း ၁၅၈ စတုရန်းမိုင် မှော် ၁၁ မှော်ပါရှိပြီး ကုမ္ပဏီပေါင်း ၂၁ ခုသို့ လုပ်ကွက် ၂၃၅ ကွက် ချထားပေးခဲ့ရာ ကုမ္ပဏီ ၁၅ ခုမှ လုပ်ကွက် ၁၈၈ ကွက်လုပ်ကိုင်ခဲ့ပါတယ်။ ထုံးတောင်မှော်၊ သယောင်းမှော်၊ အုန်းသျှစ်ကုန်းမှော်များအဖြစ် ထင်ရှားပြီး ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ လုပ်ကိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီရန်ပုံငွေနှင့် ဖွံ့ဖြိုးရေးလုပ်လိုတဲ့ ဒေသခံများရဲ့ဆန္ဒကို ကျွန်မတို့ ကိုယ်စားလှယ် များ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရထံ မျိုးစုံကြိုးစားဆက်သွယ်ခဲ့ပါတယ်။ ၂-၈-၂၀၁၇ ရက်စွဲဖြင့်

ဖွံ့ဖြိုးရေးရန်ပုံငွေကော်မတီဖွဲ့စည်းရန် ညွှန်ကြားသည့်မှစ၍ ကော်မတီဖွဲ့ခြင်း၊ လုပ်ငန်း ၁၄ ခုများ လျာထားတင်ပြခဲ့ခြင်း အသေးစိတ်တွက်ချက်မှုများကိုလည်း လေးကြိမ်တိုင်တင်ပြခဲ့ခြင်း၊ ဝန်ကြီးချုပ် အပါအဝင် သက်ဆိုင်ရာဝန်ကြီးများထံ အကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း တာဝန်ရှိသူရယ်လို့ တွေးခဲ့ရပါဘူး။ အချိန်အခက်အခဲကြောင့် ရက်စွဲများဖြင့် အသေးစိတ်မတင်ပြနိုင်ခြင်း ဖြစ်ပါတယ်။ မော်လူးမှကျေးရွာလူထု ခံစားခွင့်ထဲမှ ကသာမြို့ရေပေးဝေရေးကို ၁၀၀ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ရန် အတွက် CSR မှ သိန်း ၂၀၀၀ တောင်းခံခြင်းကို ခွင့်ပြုပေးခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့မှာ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ် ၃ ဦးအပါအဝင် ဒေသခံ ၆၀၀ ကျော် လက်မှတ်ထိုး ကန့်ကွက်ခဲ့ပါတယ်။ ယနေ့ထိ ဥပက္ခာပြုထားဆဲပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အင်းတော်မြို့မှာ ရပ်ကွက်/ကျေးရွာ ၄၇ အုပ်စုနှင့် ကျေးရွာပေါင်း ၁၅၃ ရွာရှိပါ တယ်။ ဒီရန်ပုံငွေကို ငွေ့ကြီး၊ ပုံးဟုန်၊ သရောင်းအုပ်စု သုံးအုပ်စုမှ ကျေးရွာ ၁၁ ရွာ၊ အိမ်ထောင်စု ၂၅၀၀ ခန့်အကျုံးဝင်ပါတယ်။ အဲဒီ ၁၃ ရွာရဲ့လမ်း၊ တံတားဖွံ့ဖြိုးရေးကို CSR ကပဲ လုပ်မှာဖြစ်တဲ့ အတွက် နိုင်ငံတော်ဘတ်ဂျက်ငွေကို အခြား ၁၄၂ ရွာကိုပဲ သုံးစွဲခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်နှစ်အတွင်း မှာ ဒီရွာဟာ CSR ဖွံ့ဖြိုးရေးကိုသာ မျှော်လင့်တာမများပါဘူး။ ကျွန်မတို့ ဒီမိုကရေစီကိုဖော်ဆောင် နေတဲ့ကာလမှာ ဆုံးဖြတ်ချက်တစ်ခုချမယ်ဆိုရင် ပွင့်လင်းမြင်သာမှု၊ တရားမျှတသောစီမံခန့်ခွဲမှု၊ ဒေသခံလူထုပါဝင်ခွင့်ရရှိမှု၊ ဒေသခံလူထုရဲ့အသံကို လျစ်လျူရှုခြင်းမပြုဘဲ အလေးအနက်ထား သုံးသပ်မှုတို့ကို မဖြစ်မနေထည့်သွင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ အရင်အစိုးရလက်ထက် ကလည်း ကာလတစ်ခုမှာ သဘာဝဘေးအန္တရာယ် ရေကြီးမှုအတွက် CSR ရန်ပုံငွေရရှိခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ ဒီမိုကရေစီအစိုးရမဟုတ်တဲ့အတွက် လူထုမှပွင့်လင်းမြင်သာရေးကို အရေးမဆို နိုင်ခဲ့ပါဘူး။ ဒါကြောင့် မော်လူးရတနာမြေဒေသခံများရဲ့ အသံဖြစ်တဲ့ အထက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြား ရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဒုတိယ ဝန်ကြီး ဒေါက်တာရဲမြင့်ဆွေဖြစ်ပါတယ်။ အင်းတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးရဲ့ ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ လွှဲပြောင်းပေးအပ်ခဲ့တဲ့ မော်လူး ရတနာမြေ CSR ရန်ပုံငွေကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဟာ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း ဆောင်ရွက် ခဲ့တဲ့ ရတနာနယ်မြေများအလိုက် ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်၊ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီးတော့မှ ပြည်ထောင်စုအစိုးရရဲ့ခွင့်ပြုချက်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များသို့ ပြပွဲဗဟိုကော်မတီရန်ပုံငွေများ ခွဲဝေချထားပေးခဲ့ပါတယ်။ ကျွန်တော် တို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီမှ အမေရိကန်ဒေါ်လာ ခြောက်သန်းကို Power Point ပါ ဖော်ပြပါအတိုင်း ခွဲဝေချထားပေးခဲ့ပါတယ်။ မော်လူး၊ မော်ဟန်ရတနာနယ်မြေအတွက် အမေရိကန်ဒေါ်လာ တစ်သန်းရရှိပါတယ်။ ရန်ပုံငွေများကို အရင်းမပျောက်မတည်ထားရှိတဲ့ အမြတ်ငွေ/အတိုးငွေများနဲ့အတူ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းတာဝန်ယူမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းနဲ့ညီမျှတဲ့ မြန်မာငွေကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်နဲ့ CB ဘဏ်တို့မှာ ခေတ္တယာယီထိန်းသိမ်း ထားရှိခဲ့ပြီး အတိုးရရှိငွေများအပါအဝင် လျာထားမှုအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ မော်လူး၊ မော်ဟန်ရတနာနယ်မြေ အတွက် လျာထားမှုအချိုးအတိုင်း အမေရိကန်ဒေါ်လာတစ်သန်းနဲ့ညီမျှတဲ့ မြန်မာကျပ်ငွေနဲ့ အတိုးရငွေ စုစုပေါင်းကျပ်သန်း ၁၄၂၀.၇၄ ကို ၁၅-၃-၂၀၁၇ ရက်နေ့မှာ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်

အစိုးရအဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါတယ်။ အသေး စိတ်ရှင်းလင်းချက်ကို Power Point မှာဖော်ပြထားပါတယ်။

အဆိုပါ လွှဲပြောင်းပေးအပ်ခြင်းနဲ့ပတ်သက်ပြီး မော်လူးရတနာနယ်မြေအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၁-၃-၂၀၁၇ ရက်စွဲပါစာအမှတ်နဲ့လည်းကောင်း၊ မော်ဟန်ရတနာနယ်မြေအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ၁၆-၃-၂၀၁၇ ရက်စွဲပါ စာအမှတ်ဖြင့်လည်းကောင်း လက်ခံရရှိကြောင်းလည်း ကျွန်တော်တို့ ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။ မော်လူးရတနာနယ်မြေအတွက် လွှဲပြောင်းရန်ပုံငွေများကို CB Bank Account No. 0038600 100062227 နဲ့ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးတို့ပါဝင်တဲ့ သုံးဦးနဲ့ Account ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ မော်လူးရတနာနယ်မြေအတွက် CSR ရန်ပုံငွေက လုံးဝထုတ်ယူသုံးစွဲမှုမရှိသေးပါကြောင်းနှင့် လက်ရှိအရင်းငွေမှာ ၇၁၀.၈၆၈ ကျပ်သန်းဖြစ်ပြီး ၁၅-၃-၂၀၁၇ ရက်နေ့မှ ၃၀-၄-၂၀၁၉ ရက်နေ့ အထိ ရရှိမယ့်ဘဏ်အတိုးငွေမှာ ၁၃၃.၈၁၂ ကျပ်သန်း ဖြစ်ပါကြောင်းနှင့် စုစုပေါင်း ၈၄၃.၆၈၁ ကျပ်သန်းဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရှင်းလင်းပြန်ကြားချက်အရ အင်းတော်မြို့နယ်အတွင်း CSR ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့်လုပ်ငန်း ၁၃ ခုအတွက် လုပ်ငန်း တန်ဖိုး ကျပ် ၆၉၇ သန်းကို တင်ပြတောင်းခံလာတဲ့အတွက် တိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီသို့ စိစစ်စေခဲ့ရာ အဆိုပါလုပ်ငန်းနှင့်စပ်လျဉ်းပြီး ခန့်မှန်းတွက်ချက်မှုမှာ လိုအပ်ချက်များရှိတဲ့အတွက် တာဝန်ခံအင်ဂျင်နီယာ လာရောက်ရှင်းလင်းပေးရန် ဆက်သွယ်ခေါ်ယူထားသော်လည်း လာရောက်ရှင်းလင်းပေးခြင်း မရှိသေးပါကြောင်း သိရှိရပါတယ်။ အဆိုပါလုပ်ငန်း ၁၃ ခုနဲ့ပတ်သက်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို စိစစ်ရေးကော်မတီရဲ့ အတည်ပြုချက်ရရှိပါက ရန်ပုံငွေများကို စနစ်တကျစိစစ်ပြီး အမြန်ဆုံးထုတ်ပေးသွားမှာဖြစ်ကြောင်းနဲ့ ရန်ပုံငွေရရှိ/သုံးစွဲလက်ကျန်စာရင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေစာရင်းဌာနမှာ လစဉ်စာရင်းပြုစုထားရှိပါတယ်။

သို့ပါ၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီရန်ပုံငွေမှ လွှဲပြောင်းပေးအပ်ခဲ့တဲ့ CSR ရန်ပုံငွေများကို ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်၊ ဒေသခံတိုင်းရင်းသားများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ကျခံသုံးစွဲနိုင်ရေးကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့

အစီအစဉ်နဲ့ လုပ်ငန်းများရွေးချယ်ခြင်း၊ အတည်ပြုခွင့်ပြုခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ကျွန်မတို့ရဲ့အစိုးရရဲ့လွှတ်တော်သက်တမ်းဟာ ငါးနှစ်ကုန်တော့မှာဖြစ်ပါတယ်။ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ပါတယ်။ အစပိုင်းကတည်းက ကျွန်မတို့ကိုပေးထားတဲ့ ရန်ပုံငွေဟာ နှစ်နှစ်ကျော်ပြီဖြစ်ပါတယ်။ နောက် ကျွန်မတို့ရဲ့ဒေသခံတွေလည်း နစ်နာပြီလို့ပဲ ကျွန်မပြောရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအနီးစပ်ဆုံးဥပမာဆိုရင် သတင်းစာဆိုပါတော့။ သတင်းဆိုရင် အခု မြန်မာ့အလင်းသတင်းစာက အရင်တုန်းကတော့ ၂၀၀၀ ကျပ်ပေးဖတ်ရပါတယ်။ ဧပြီလကနေစပြီး ၃၀၀၀ ကျပ်ထိ တက်သွားပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့အင်းတော်မြို့မှာ ၄၀၀၀ ကျပ် ပေးပြီးဖတ်ရပါတယ်။ စည်ပင်မှာ ကျွန်မတို့ ၅၀၀၀ ကျပ်ပေးပြီးဖတ်ရတဲ့အဖြစ်ကိုရောက်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကပေးထားတဲ့ ရန်ပုံငွေဟာ ဒီရန်ပုံငွေနဲ့တွက်ထားတဲ့တံတားဖြစ်ဖြစ်၊ လမ်းဖြစ်ဖြစ်ဟာ ဒီငွေနဲ့ဘယ်လိုလုပ်ပြီး ကျွန်မတို့လောက်ပါတော့မလဲ။ ဒါကြောင့်မို့လို့ ဒီလိုကြန့်ကြာမှုဟာ ကျွန်မတို့ ဒေသခံတွေအတွက် အများကြီးနစ်နာပါတယ်။ ဒီလိုကြန့်ကြာအောင်လုပ်နေတဲ့ တိုင်းဒေသကြီးတည်/ကော်ဟာ ဘာဖြစ်လို့ ဘာဖြစ်လို့ ကျွန်မတို့ရဲ့မြို့နယ် သက်ဆိုင်ရာအင်ဂျင်နီယာကို ဘယ်နှစ်ခါဆင့်ခေါ်ခဲ့ပါသလဲ။ ကျွန်မသိသလောက်ကတော့ တစ်ခါမှမခေါ်ခဲ့ပါဘူး။ တိုင်းဒေသကြီးတည်/ကော်ကလည်း မသိဘူးလို့ပဲ ကျွန်မတို့ကိုအကြိမ်ကြိမ်ငြင်းပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုကြန့်ကြာအောင် ပြုလုပ်ခဲ့တဲ့ တိုင်းဒေသကြီးတည်ကော်အဖွဲ့ကို ဘယ်လိုအရေးယူပေးမလဲဆိုတာ ကျွန်မ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ CSR ဆိုတဲ့ ရန်ပုံငွေတွေဟာ ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုဘဝစီးပွားဖွံ့ဖြိုးဖို့အတွက်ကို ဖော်ဆောင်ပေးရတာဖြစ်တဲ့အတွက် ကျွန်တော်တို့က ဒီဟာရဲ့လုပ်ပိုင်ခွင့်၊

ငွေကြေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အတိုးရော၊ အရင်းရောလွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။ ဒီဟာရဲ့စီမံခန့်ခွဲပိုင်ခွင့်ကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့အစီအစဉ်နဲ့ လုပ်ငန်း ရွေးချယ်ခြင်း၊ အတည်ပြုခွင့်ပြုခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းများကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက် သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး တိုင်းဒေသကြီး အစိုးရကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားပါ့မယ်။ ကျွန်တော်တို့ရဲ့ လုပ်ပိုင်ခွင့်မဟုတ်တော့ပါဘူး။ တိုင်းဒေသကြီးအစိုးရရဲ့ လုပ်ပိုင်ခွင့်လုံးလုံးဖြစ်နေပါပြီ။ ကျွန်တော်တို့ဝန်ကြီးဌာနက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားပါ့မယ်။ လေးစားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ ဒီလိုပေါင်းစပ်ညှိနှိုင်းပေးမှုအခြေအနေ၊ ပြန်လည် ဆောင်ရွက်ထားရှိမှုအခြေအနေကို မေးခွန်းရှင်ထံ ပြန်လည်ဖြေကြားပေးဖို့ မေတ္တာရပ်ခံပါတယ်။

**တရားမဝင်ကျောက်စိမ်းခိုးထုတ်သယ်ယူမှုများမှ ဖမ်းဆီးရမိသော ကျောက်စိမ်းရတနာများအား မည်ကဲ့သို့ထိန်းသိမ်းထားပြီး စီမံခန့်ခွဲသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ကျွန်တော့်အနေနဲ့ တရားမဝင် ကျောက်စိမ်း ခိုးထုတ်သယ်ယူမှုများနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာမှာအရည်အသွေးအကောင်းဆုံးနဲ့ အဖိုးထိုက်တန်ဆုံးပတ္တမြားနှင့် ကျောက်စိမ်းရတနာတွေ ပေါများစွာထွက်ရှိတဲ့နိုင်ငံပါ။ အဖိုးထိုက်၊ အဖိုးတန်သယံဇာတတွေ ပေါများ လှပေမဲ့ အဆင်းရဲဆုံးစာရင်းဝင်နိုင်ငံဖြစ်နေတာကလည်း ရင်နာစရာပါ။ နိုင်ငံရဲ့ကြွယ်ဝလှတဲ့အဖိုးတန် ရတနာတွေရဲ့အကျိုးကျေးဇူးကို နိုင်ငံသူနိုင်ငံသားတွေ ပြည့်ပြည့်ဝဝသုံးဆောင်ခံစားခွင့်ရရှိဖို့ အရေး ကြီးလှပါတယ်။ လူတစ်စု၊ လူတစ်ဖွဲ့ကချုပ်ကိုင်အပိုင်သိမ်းယူ အကျိုးခံစားအပ်တဲ့အရာမဟုတ်ပါဘူး။ မကြာခဏဆိုသလိုပဲ သတင်းစာတွေ၊ စာစောင်တွေမှာ ကျောက်စိမ်းတရားမဝင်ခိုးထုတ် သယ်ဆောင် မှုတွေနဲ့ပတ်သက်ပြီးတော့ ဖမ်းဆီးရမိတဲ့သတင်းတွေကို တွေ့ရှိနေရပါတယ်။ ဒေသခံပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်ရဲ့ RFA သတင်းဌာနကို ပြောပြမှုအရ တစ်နေ့ကိုကျောက်စိမ်းတန် ၆၀ ခန့် တစ်ဖက်နိုင်ငံကို ထိုးထွက်နေတယ်လို့လည်း သိရှိရပါတယ်။ ၁၂-၂-၂၀၁၇ ရက်နေ့က မိုးညှင်းမြို့နယ်မှာ ကျောက်မျက်ကုမ္ပဏီကြီးတစ်ခုက တရားဝင်အခွန်ဆောင်ကျောက်စိမ်းတွေ သယ်ဆောင်ရာမှာ အံ့ဝှက်နဲ့သယ်ဆောင်လာတဲ့ တရားမဝင်ကျောက်စိမ်းကား ရှစ်စီးတိုက် ဖမ်းဆီးရမိခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဧပြီ ၂၉ ရက်နေ့ ညနေ ၅ နာရီခွဲကလည်း အင်းတော်မြို့နယ် နဘားလမ်းဆုံမှာ တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၁၀၇.၄၅ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့တာတွေ့ရှိရပါတယ်။ ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့ကလည်း မိုးညှင်းမြို့နယ် နမ့်ပိုကျေးရွာအနီး မြို့ရှောင်လမ်းမှာ ကား ၁၇ စီးနဲ့ တရားမဝင်သယ်ဆောင်လာတဲ့ကျောက်စိမ်းအရိုင်းတုံး တန် ၃၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီးတော့ မေလ ၉ ရက်နေ့မှာတော့ မိုးညှင်းမြို့နယ်ကထွက်လာတဲ့ မြစ်ကြီးနား-မန္တလေးအဆုံ ကုန်ရထားပေါ်မှာ ကျောက်စိမ်းအရိုင်းတုံးအရွယ်စုံ ၄၀၅ တုံး၊ ကျောက်စိမ်းခွဲခြမ်း ၂၂ ခြမ်း စုစုပေါင်းကျောက်စိမ်း ၆၉၀ ကီလိုဂရမ် ဖမ်းဆီးရမိခဲ့တာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ တရားမဝင်ကျောက်စိမ်းခိုးထုတ်သယ်ယူမှုများမှ ဖမ်းဆီးရမိတဲ့ကျောက်စိမ်းရတနာများအား မည်သည့်အဖွဲ့အစည်းက မည်ကဲ့သို့ထိန်းသိမ်းထားရှိကာ မည်ကဲ့သို့စီမံခန့်ခွဲသည်ကို သိရှိလိုပါ၍ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ရဲ့ တရားမဝင်ကျောက်စိမ်းနဲ့ပတ်သက်ပြီးတော့ ခိုးထုတ်သယ်ယူမှုများနဲ့ပတ်သက်ပြီး မေးတဲ့ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဟာ မြန်မာနိုင်ငံအနှံ့အပြားရှိ တပ်ရင်း/တပ်ဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနဲ့ ဌာနဆိုင်ရာအသီးသီး တို့က ဖမ်းဆီးရမိအပ်နှံတဲ့ကျောက်စိမ်းရိုင်းများကို နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ငါးဧကအကျယ် အဝန်းခြံရှိ သိုလှောင်ရုံ(၁)၊ (၂)မှာလည်းကောင်း၊ ကျောက်မျက်ရတနာပြတိုက်၊ မီးလုံအာမခံခန်းထဲမှာ လည်းကောင်း၊ သက်ဆိုင်ရာအမှုတွဲများအလိုက် သီးခြားစီထုပ်ပိုးသိမ်းဆည်းထားရှိပါတယ်။

ဖမ်းဆီးရမိကျောက်စိမ်းရိုင်းများကို အမှုစီရင်ခံစဉ်ခေတ္တအပ်နှံခြင်းအတွက် ယာယီလက်ခံ သိမ်းဆည်းခြင်းနဲ့အမှုပြီးပြတ်၍ နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ် အပ်နှံခြင်းအတွက် အပြီးသတ် သိမ်းဆည်းခြင်းဟူ၍ ဆောင်ရွက်နည်းနှစ်မျိုးနဲ့ လက်ခံထိန်းသိမ်းထားရှိပါတယ်။ အမှုစီရင်ဆဲ ယာယီ အပ်နှံထားတဲ့ကျောက်စိမ်းရိုင်းများကို ဖမ်းဆီးခံရသူမှ တရားဝင်ကျောက်ဖြစ်ကြောင်း ခိုင်လုံတဲ့ သက်သေအထောက်အထားများ တင်ပြနိုင်လာပြီး တရားရုံးက အမှုနိုင်ဒီဂရီချမှတ်ခဲ့ပါက မူလအပ်နှံ ရာစခန်း/ဌာနများသို့ မူလအပ်နှံတဲ့ခဲတပ်ပုံ၊ စာရွက်စာတမ်း၊ မှတ်တမ်းများနဲ့အတူ ပြန်လည် ပေးအပ်ပါတယ်။ အဆိုပါ ကျောက်စိမ်းရိုင်းများကို ငါးဧကရှိသိုလှောင်ရုံ(၁)နဲ့(၂)တို့အတွင်း သီးသန့် သတ်မှတ်နေရာမှာ အမှုတွဲအလိုက်သီးခြားစီထုပ်ပိုးချိပ်ထိုးပြီးတော့မှ သိမ်းဆည်းထားရှိပါ တယ်။

အမှုပြီးပြတ်သော နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ်အပ်နှံတဲ့ ကျောက်စိမ်းရိုင်းများကိုလည်း အဆိုပါသိုလှောင်ရုံများမှ အမှုတွဲအလိုက်သီးခြားစီခွဲခြားပြီး ထုပ်ပိုးသိမ်းဆည်းထားရှိပါတယ်။ ဖမ်းဆီး ရမိတဲ့ကျောက်အချောထည်နဲ့ လက်ဝတ်ရတနာပစ္စည်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းရှိ CCTV ကင်မရာ တပ်ဆင်ထားတဲ့ မီးလုံ အာမခံအခန်းမှာ သီးခြားထုပ်ပိုးသိမ်းဆည်း ထားရှိပါတယ်။ ဖမ်းဆီးရမိကျောက်စိမ်းရိုင်းများကို သိမ်းဆည်းရာ ဒက္ခိဏသီရိမြို့နယ်၊ (၅)ဧကရှိ သိုလှောင်ရုံ (၁)နဲ့ (၂)ရဲ့အတွင်းအပြင်နဲ့ ခြံဝန်းအတွင်းမှာလည်း လုံခြုံရေး CCTV ကင်မရာ ၂၉ လုံး တပ်ဆင်ထားပြီးတဲ့အပြင် အရာရှိဦးစီးဝန်ထမ်း ၆ ဦးပါဖွဲ့စည်းပြီး နေ့/ညတာဝန်အလှည့်ကျတာဝန် ချထားတဲ့စနစ်နဲ့ ထိန်းသိမ်းထားရှိပါတယ်။

ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားတဲ့ ကျောက်စိမ်းရိုင်းများအတွက် ဖမ်းဆီးအပ်နှံစဉ် တန်ဖိုးဖြတ်အဖွဲ့ များက တွက်ချက်တန်ဖိုးသတ်မှတ်တဲ့တန်ဖိုးကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဆုငွေချီးမြှင့်ခြင်းဆိုင်ရာ အမိန့်အမှတ်(၁၂၄/၂၀၁၅) အပိုဒ်(၉)နဲ့ အမိန့်အမှတ်(၄၉/၂၀၁၇)တို့အရ

ဆုငွေချီးမြှင့်ပေးအပ်ခဲ့ပါ တယ်။ ဆိုချီးမြှင့်ရာမှာ သတင်းပေးသူကို ၂၀ ရာခိုင်နှုန်း၊ ဖမ်းဆီးသူကို ၃၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတော် ထည့်ဝင်ငွေ ၅၀ ရာခိုင်နှုန်းတို့ကို သတ်မှတ်ချက်များနှင့်အညီတွက်ချက်ပြီး ချီးမြှင့်ပေးလျက်ရှိပါတယ်။ အမှုပြီးပြတ်၍ နိုင်ငံပိုင်ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားတဲ့ ကျောက်စိမ်းရိုင်းများကို အရွယ်အစား၊ အလေးချိန်၊ အရည်အသွေး၊ အမျိုးအစားပေါ်မူတည်ပြီး တူညီရာများစုစည်းအတွဲဖွဲ့ကာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပပြုလုပ်မယ့် ကျောက်မျက်ရတနာပြပွဲများမှ နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် တင်ပြရောင်းချလျက် ရောင်းချရငွေအား နိုင်ငံတော်ဘဏ္ဍာသို့ပေးသွင်းခြင်းဖြင့် စီမံ ဆောင်ရွက်လျက်ရှိပါတယ်။

အတွဲစုဖွဲ့၍တင်ပြရောင်းချရာမှာ နိုင်ငံခြားငွေဖြင့် ရောင်းချပွဲဖြစ်ပါက အတွဲတစ်တွဲရဲ့ အခြေခံကြမ်းခင်းဈေး ယူရို ၅၀၀၀၊ မြန်မာကျပ်ငွေဖြင့် ရောင်းချတဲ့ပွဲဖြစ်ပါက အတွဲတစ်တွဲရဲ့ အခြေခံကြမ်းခင်းဈေး ၁၀ သိန်းတန်ဖိုးရှိတဲ့ ကျောက်စိမ်းရိုင်းတစ်တုံး သို့မဟုတ် အရွယ်အစား၊ အရည်အသွေး တူရာ စုစည်းထားတဲ့အတွဲများအဖြစ်အတွဲဖွဲ့၍ ရတနာပြပွဲတစ်ပွဲလျှင် အတွဲအရေအတွက် ၂၀ မှ ၅၀ အထိ တင်ပြရောင်းချလျက်ရှိပြီး အကယ်၍ ပြပွဲတစ်ပွဲမှာရောင်းချရခြင်းမရှိပါက အဆိုပါအတွဲအား အခြေခံဈေးနှုန်း ပြင်ဆင်သတ်မှတ်ခြင်း၊ အရည်အသွေးအမျိုးအစားတူရာ ကျောက်စိမ်းရိုင်းများ ထပ်မံထည့်သွင်း၍ အသစ်အတွဲဖွဲ့ခြင်းတို့ဖြင့် ပြင်ဆင်ရောင်းချရန်စီမံဆောင်ရွက်လျက်ရှိပါတယ်။

ဖမ်းဆီးရမိအပ်နှံရရှိမိတဲ့ ကျောက်မျက်ရတနာအချောထည်နဲ့ လက်ဝတ်ရတာပစ္စည်းများ အတွက် အကြမ်းထည်များပါရှိလာပါက မိမိဌာနကအချောထည်စက်ရုံကို ပုံကြမ်းလောင်းခြင်း၊ အချောကိုင်ခြင်း၊ အရောင်းတင်ခြင်းများဆောင်ရွက်ပြီး နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှာရှိတဲ့ ကျောက်မျက်ရတနာပြတိုက်များမှာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း အရောင်းဆိုင်များမှာ လာရောက်ကြည့်ရှုသူအများပြည်သူနဲ့ နိုင်ငံခြားသားများအား ရောင်းချပေးလျက်ရှိသည့်အပြင် ကျောက်မျက်ရတနာပြပွဲတွင်လည်း အတွဲအရေအတွက် ၂၀ မှ ၅၀ အထိ အတွဲဖွဲ့ တင်ပြရောင်းချလျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ယခုလိုဖြေကြားပေးသွားတဲ့ ဒုတိယဝန်ကြီးအား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

နိုင်ငံတော်နှင့် နိုင်ငံသားများပိုင်ဆိုင်တဲ့ အဖိုးထိုက်အဖိုးတန် ကျောက်စိမ်းရတနာများကို ဥပဒေမဲ့ ခိုးထုတ်နေမှုများအား စနစ်တကျတားဆီးကာကွယ်စောင့်ရှောက်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အရှည်သဖြင့် သုံးစောင်ခံစားနိုင်ရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားတယ်ဆိုတာကိုလည်း သိရှိလိုတဲ့ အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ နိုင်ငံတော်အဖိုးတန်သယံဇာတများဖြစ်တဲ့ကျောက်စိမ်းကျောက်မျက်ရတနာတွေကို တရားမဝင်လမ်းကြောင်းကနေ ခိုးထုတ်နိုင်ခြင်းမရှိရန်အလို့ငှာ တပ်ရင်းတပ်ဖွဲ့တွေပါဝင်တဲ့အဖွဲ့တွေ၊ ပူးပေါင်းအဖွဲ့တွေ၊ ဌာနဆိုင်ရာအဖွဲ့တွေနဲ့ နယ်ကြားဂိတ်အသီးသီးမှာလည်းကောင်း၊ ပြည်တွင်းမှာ သော်လည်းကောင်း အမြဲတမ်းစိစစ်စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ သီးခြားဆောင်ရွက်ထားတဲ့ အဖွဲ့အစည်းများနဲ့လည်း ဖမ်းဆီးအရေးယူသတင်းပေးမှုအရလည်း အရေးယူတာတွေရှိပါတယ်။ အဲဒါ တွေနဲ့ပတ်သက်ပြီးတော့မှ အသေးစိတ်အစီအစဉ်ကို ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ကြီးအား အသေးစိတ်ပြန်လည်ပြီးတော့မှ စာနဲ့ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**Fortuna metals limited မှ အဆိုပြုလျှောက်ထားသော လုပ်ကွက်(၁)မှ ၁၅၂၄၇၇.၁၉၁ ဧကနှင့် လုပ်ကွက်(၂)မှ ၁၅၂၁၈၉.၂၃၉ ဧကအား ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပေးနေမှုကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအာမိုးဆီ(ခေါင်လန်ဖူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ခေါင်လန်ဖူးမြို့နယ်တွင် Fortuna metals Co., Ltd အား ဓာတ်သတ္တုစမ်းသပ်လုပ်ကွက်နှစ်ကွက်ဖြစ်သည့် လုပ်ကွက်(၁)မှ ၁၅၂၄၇၇.၁၉၁ ဧကနှင့် လုပ်ကွက်(၂)

မှ ၁၅၂၁၈၉.၂၃၉ ဧကအား ခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပေးနေမှုနှင့်စပ်လျဥ်းသည့်မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ခေါင်လန်ဖူးမြို့နယ်သည် မြန်မာနိုင်ငံ၏မြောက်ဘက်အစွန်းတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၆၈၀ တွင်တည်ရှိကာ ဧရိယာစတုရန်းမိုင်ပေါင်း ၂၀၈၃.၃၉ ကျယ်ဝန်းပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၂၃ အုပ်စုရှိကာ လူဦးရေမှာ ၁၅၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါ။ ဒီပုံကတော့ ခေါင်လန်ဖူး၊ ချီဖွေ၊ ဆော့လော်ဘက်မှာ ဝန်ကြီးဌာနမှ အကြီးစားလုပ်ကွက်သတ်မှတ်ထားတဲ့မြေပုံလေး ဖြစ်ပါတယ်။ ဒီဟာတွေက Fortuna metals Company မှ ဆောင်ရွက်မယ့်လုပ်ငန်းလေးတွေ၊ စီမံချက်တွေ ဖြစ်ပါတယ်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ကချင်ပြည်နယ်အတွင်း ဓာတ်သတ္တုအကြီးစား၊ အလတ်စားနှင့်လက်လုပ်လက်စားဧရိယာလေးခုကို သတ်မှတ်ပေးခဲ့ပြီဖြစ်ကြောင်း သိရှိရပါတယ်။ ယခုအခါ လူတိုင်း၊ အဖွဲ့အစည်းတိုင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့်နည်းကိုသာ အသုံးပြုရန် ညွှန်ကြားဆောင်ရွက်နေသည့်အချိန်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ Fortuna metals Company အား ဓာတ်သတ္တုလုပ်ကွက်နှစ်ကွက်အတွက် မြေဧရိယာစုစုပေါင်းဧက ၃၀၄၆၆.၄၃ ဧကကို ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။ အဆိုပါဓာတ်သတ္တုစမ်းသပ်ရှာဖွေရန်အတွက် ကုမ္ပဏီမှ လျှောက်ထားသောဧရိယာသည် ခေါင်လန်ဖူးမြို့နယ်ရှိဒေသခံပြည်သူများ၏စိုက်ခင်းများ၊ စားကျက်မြေများ၊ ရွာမြေနှင့်သာသနာမြေများ ပါဝင်နေသည်ကို သိရှိရသည့်အခါ ပြည်သူများ စိုးရိမ်လျက်ရှိနေပါတယ်။ ခေါင်လန်ဖူးမြို့နယ်တစ်ခုလုံး၏စုစုပေါင်းဧရိယာမှာ ၁၃ သိန်းဧကခန့်ရှိပြီး ယခုကုမ္ပဏီမှလျှောက်ထားသည့်ဧရိယာသည် တစ်မြို့နယ်လုံး၏ လေးပုံတစ်ပုံကျော်ပါဝင်နေသည်ကို တွေ့ရှိရပါတယ်။ ဤမျှများပြားသည့် စမ်းသပ်လုပ်ကွက်များလျှောက်ထားမည်ဆိုပါက သက်ဆိုင်ရာဒေသခံမိဘပြည်သူများအား အသိပေးရှင်းလင်းပြီး ဆောင်ရွက်ပါက ပိုမိုသင့်တော်ကြောင်း ထင်မြင်မိပါတယ်။ ယခုသဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် ပတ်သက်ပြီး ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏သုံးသပ်ချက်ထဲတွင် အသေးစားနှင့်လက်လုပ်လက်စားထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခဲ့မှုအများဆုံးဖြစ်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရှိရပါတယ်။ အဆိုပါ အသေးစားနှင့်အလတ်စား၊ လက်လုပ်လက်စားများကသာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအများဆုံးဖြစ်ပေါ်နေပါက သက်ဆိုင်ရာပြည်နယ်များတွင် အသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက်များခွင့်ပြုပေးနေမှုကို

ပြန်လည်သုံးသပ်သင့်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ Fortuna metals Company အား ဓာတ်သတ္တု စမ်းသပ်မှုခွင့်ပြုမိန့်ရရှိရေးဆောင်ရွက်ပေးနေမှုအား ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဒေသခံပြည်သူများ အား ရှင်းလင်းချပြပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော် ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ခေါင်လန်ဖူးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအာမိုးဆီရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ Fortuna metals Ltd. ဟာ မြန်မာနိုင်ငံသားနှင့် ဩစတြေးလျနိုင်ငံသားတို့ ပူးပေါင်းဖွဲ့စည်းပြီး နည်းပညာနှင့်ရင်းနှီး မြှုပ်နှံမှုငွေကြေးခိုင်မာမှုရှိတဲ့ကုမ္ပဏီ ဖြစ်ပါတယ်။ ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသရှိ အကြီးစား လုပ်ကွက်နှစ်ကွက်ကို ကုမ္ပဏီက အဆိုပြုလျှောက်ထားခြင်းဆိုသည်မှာ သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ကွက်အတွက်မဟုတ်ဘဲ သတ္တုဖြစ်ထွန်းမှုရှိ/မရှိ သိပ္ပံနည်းကျစူးစမ်းလေ့လာရှာဖွေ၍ ဓာတ်သတ္တု ဖြစ်ထွန်းမှုရှိပါက စမ်းသပ်တိုင်းတာရေးဆောင်ရွက်ခြင်းနှင့် သတ္တုသိုက်တွေ့ရှိလာပါက စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ သတ္တုသိုက်ပမာဏရှိ/မရှိ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းအတွက်သာဖြစ်ပြီး ဤလုပ်ငန်းစဉ်အဆင့်ဆင့်တို့မှ မြေယာပိုင်ဆိုင်မှုနဲ့ လုံးဝသက်ဆိုင်မှုမရှိပါ။ ဤလုပ်ငန်းအဆင့်ဆင့် တို့ဟာ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်တဲ့အပြင် ဆောင်ရွက်မှုအဆင့်ဆင့်မှာလည်း အလားအလာမရှိတဲ့ဧရိယာများကို နှစ်စဉ်စွန့်လွှတ်လျော့ချသွားရမှာဖြစ်ပါတယ်။ စီးပွားဖြစ် ထုတ်လုပ်နိုင်တဲ့ သတ္တုသိုက်တွေ့ရှိတဲ့နေရာဧရိယာကွက်ကွက်လေးကိုသာ မြေပေါ်သယံဇာတများ ဖြစ်တဲ့ ရေဝေရေလဲ/သစ်တောများနဲ့နှိုင်းယှဉ်စဉ်းစားပြီး နိုင်ငံတော်အကျိုးအမြတ် ရရှိနိုင်မှုအပေါ်

မူတည်ပြီး တူးဖော်ခွင့်ပြုမိန့်၊ တူးဖော်ထုတ်လုပ်ခွင့်ပေးသင့်/မပေးသင့်ကို ထပ်မံစဉ်းစားရမှာ ဖြစ်ပါတယ်။ ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း ပတ်ဝန်းကျင်မထိခိုက်စေရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ရေးဆွဲစေပြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက အတည်ပြုရယူခြင်းများဆောင်ရွက်ရမှာဖြစ်ပါတယ်။

လုပ်ငန်းစဉ်အလိုက်လည်း အချက်အလက်များ ပြည့်စုံပြီးဖြစ်ပါက ဝန်ကြီးဌာနစီမံခန့်ခွဲမှု ကော်မတီရဲ့သဘောတူညီချက်နဲ့ စီးပွားရေးရာကော်မတီနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တို့ကို အဆင့်ဆင့် ခွင့်ပြုချက်ရယူပြီးမှ ရှာဖွေစမ်းသပ်ရေးကို သဘောတူစာချုပ်ချုပ်ဆိုသွားရမှာ ဖြစ်ပါတယ်။ စာချုပ် ချုပ်ဆိုပြီး လုပ်ငန်းအကောင်ထည်ဖော် ဆောင်ရွက်တဲ့နေရာမှာလည်း ကုမ္ပဏီက ဒေသခံများကို အလုပ်အကိုင်ဦးစားပေးခန့်ထားခြင်း၊ ပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် အလေးထား ဆောင်ရွက်ခြင်း၊ ဒေသခံများရဲ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို သိရှိလိုက်နာစေခြင်း၊ ဒေသခံ များနဲ့ ဆက်ဆံရေးအဆင်ပြေစေရန်နဲ့ စာချုပ်ပါစည်းကမ်းများ လိုက်နာဆောင်ရွက်နိုင်ရန် ဝန်ထမ်းများ တွဲဖက်ထားခြင်းစသည်တို့ကိုလည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသေးစား၊ လက်လုပ်လက်စား တူးဖော်ရေးလုပ်ငန်းတွေကတော့ သတ္တုသိုက်ပမာဏနှင့် ပါဝင်နှုန်း၊ သတ္တုသိုက်ရဲ့ပုံပန်းသဏ္ဌာန်တို့ကို စနစ်တကျ တွက်ချက်နိုင်ခြင်းမရှိဘဲ Mine Design နဲ့ ထုတ်လုပ်ရေးနည်းစဉ်များ စနစ်တကျ ဆောင်ရွက်နိုင်မှုအားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှုများကို ဖြစ်ပေါ်စေ ပါတယ်။ အကြီးစားနှင့် အလတ်စားစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး လုပ်ငန်းအဆင့်တွေမှာတော့ သတ္တုသိုက်ပမာဏအရည်အသွေး၊ ပုံသဏ္ဌာန်၊ ထုတ်လုပ်မယ့် Mine Design များနှင့် လုပ်ငန်းခွင်ပြီးဆုံးပြီး မိုင်းပိတ်သိမ်းတဲ့အခါမှာလည်း ဆောင်ရွက်ရမယ့်အစီအစဉ် များကို ကြိုတင်ရေးဆွဲခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုအစီအစဉ်(EMP)ရေးဆွဲခြင်းနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက် နိုင်မှာဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုကိုလည်း လျော့နည်းအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ယခုကဲ့သို့ နိုင်ငံခြားကုမ္ပဏီမှ ခေတ်မီနည်းစနစ်များနဲ့ စနစ်တကျဓာတ်သတ္တုရှာဖွေစမ်းသပ် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဘူမိဗေဒဆိုင်ရာအချက်အလက်များကို ရရှိခြင်း၊ မြေငှားရမ်းခများ ရရှိခြင်း၊ စီးပွားဖြစ် သတ္တုသိုက်တွေ့ရှိဖော်ထုတ်နိုင်ပါက ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများ၏အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်းနဲ့ နိုင်ငံတော်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး

တို့အတွက် များစွာအထောက်အကူဖြစ်စေနိုင်မှာဖြစ်ပါတယ်။ ယခုစမ်းသပ်တိုင်းတာရေး လျှောက်ထားမှုဟာလည်း ကုမ္ပဏီက ၁-၈-၂၀၁၈ ရက်နေ့မှာ စတင်လျှောက်ထားခဲ့ပြီး ဝန်ကြီးဌာနက ဧရိယာလွတ်ကင်းမှုရှိပြီး အချက်အလက်များပြည့်စုံတဲ့အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၁-၁-၂၀၁၉ ရက်နေ့က ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်တောင်းခံထားခြင်းဖြစ်ပါတယ်။ လုပ်ထုံးလုပ်နည်းအရ ကချင်ပြည်နယ်အစိုးရအဖွဲ့မှလည်း သက်ဆိုင်ရာ ခေါင်လန်ဖူးမြို့နယ်စီမံခန့်ခွဲရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ရေအရင်းအမြစ် ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးရွာများနှင့် ဒေသခံများ၏ သဘောထားများကိုရယူပြီး ပြည်နယ်အစိုးရအဖွဲ့၊ Cabinet တွင်ဆုံးဖြတ်ချက်ချမှတ်ပြီး သဘောထားပြန်ကြားရမည်ဖြစ်ပါတယ်။ ကချင်ပြည်နယ်အစိုးရအဖွဲ့မှ သဘောမတူကြောင်းပြန်ကြားလာပါက လျှောက်ထားမှုကိုလည်း ပယ်ဖျက်သွားမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ သဘောတူညီမှုရရှိပြီးသော်လည်း သစ်တောဧရိယာအတွင်းကျရောက်နေပါကလည်း သစ်တောဦးစီးဌာန(ရုံးချုပ်)နဲ့ ဝန်ကြီးဌာနမှ ခွင့်ပြုရန်သင့်/မသင့်စိစစ်ပြီးမှသာ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပညာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးဝန်ကြီးဌာနက တင်သွင်းသော ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ (၂-၅-၂၀၁၉ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်

ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၆-၅-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဦးညွှန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချော ထည် စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း အား အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးညွှန့်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးညွှန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစားပထမနှုတ်ခွန်း

ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တိုက်တွန်းကြောင်းအဆိုတင်သွင်းသွားမည့် ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုမှာ အဆိုကို ပိုမိုပြည့်စုံလေးနက်စေရန်အတွက် သင့်လျော်သည့်ဆိုတဲ့စကားရပ်ကို ဖြည့်စွက်ပယ်ထုတ်ခွင့်ပြုဖို့ ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်များ၊ ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာ သင့်လျော်သည့်ဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချော ထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သောနည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဟာ မြေပေါ်မြေအောက်သယံဇာတ အဖိုးတန်တွင်းထွက်များ၊ အဖိုးတန် ကျွန်းသစ်၊ သစ်မာများ ကြွယ်ဝစွာထွက်ရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ မြန်မာ့ကျွန်းသစ်ဟာ ကမ္ဘာ့ဈေးကွက်မှာအဆင့်အတန်း အမြင့်ဆုံး ပထမတန်းစားအဆင့် ရောင်းတန်းဝင်ပြီး တရားဝင်ရော၊ တရားမဝင်ပါ နည်းမျိုးစုံနဲ့ အိမ်နီးချင်းနှင့်ပြည်ပနိုင်ငံတွေကို ရောင်းဝယ်တင်ပို့လာကြတာဟာ ယနေ့အထိပဲ ဖြစ်ပါတယ်။ ၁၉၇၅ ခုနှစ် စစ်တမ်းအရ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်း ဧရိယာ ၆၁ ရာခိုင်နှုန်းရှိခဲ့ရာကနေ ၁၉၉၀ ခုနှစ်ကစပြီး ၂၀၁၀ ခုနှစ်အထိ နှစ် ၂၀ ကာလအတွင်း နှစ်စဉ်သစ်တောဖုံးလွှမ်းမှု ၀.၉၅ ရာခိုင်နှုန်းနှစ်စဉ် ဆုံးရှုံးလျော့ကျနေတာကို သုတေသနစစ်တမ်းများအရသိရှိရပါတယ်။ သစ်တောပြုန်းတီးမှုကို ဖြစ်စေတဲ့ အဓိကအကြောင်းအရင်းကတော့ တရားမဝင်သစ်ထုတ်လုပ်ခြင်းနှင့် ဆက်စပ်နေတဲ့ သစ်ကုန်သွယ်မှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ စည်းကမ်းမဲ့တရားမဝင် သစ်ထုတ်ယူခြင်းရဲ့အကျိုးဆက်တွေအဖြစ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေပါတယ်။ သစ်တောအတန်းအစားနှင့် သစ်တောဖုံးလွှမ်း ဧရိယာကျဆင်းခြင်းနှင့်အတူ အပူလွန်ကဲတဲ့ဖြစ်စဉ်တွေ၊ ရေအရင်းအမြစ်ခမ်းခြောက်လာတဲ့ ဖြစ်စဉ်တွေနဲ့ ရာသီဥတုဖောက်ပြန်တဲ့ ဆိုးကျိုးတွေကို ယနေ့မြန်မာလူနေမှုဘဝကို ခြိမ်းခြောက်နေပါပြီ။ တရားမဝင်သစ်ထုတ်လုပ်မှုတွေကြောင့် နှစ်စဉ်နိုင်ငံတော်ရဲ့ အခွန်ငွေနှင့်အခြားအခွန်ငွေများစွာကိုလည်း နစ်နာဆုံးရှုံးစေသလို တရားမဝင်သစ်ကုန် သွယ်မှုတွေကနေတစ်ဆင့် အကျင့်ပျက်ခြစားမှု တံခါးပေါက်ကြီး ဟင်းလင်းဖွင့်ထားသလို ဖြစ်နေပါတယ်။

တရားမဝင်စည်းကမ်းမဲ့ လွန်ကဲစွာသစ်ထုတ်ယူမှုတွေကြောင့် သစ်တောကိုအမှီပြုနေထိုင်ကြတဲ့ တိုင်းရင်းသားဒေသတွေမှာဆိုရင်လည်း ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်နေကြတဲ့ လယ်ယာမြေများပျက်စီးပျောက်ကွယ်ခြင်း၊ သစ်တောနှင့်ဆက်စပ်ထုတ်ကုန်များ ရှားပါးတိမ်ကောလာခြင်း၊ သဘာဝဘေးဒဏ်ကြောင့် ရွာလုံးကျွတ်နေရပ်စွန့်ခွာပြောင်းရွှေ့ရခြင်းစတဲ့ မလိုလားအပ်တဲ့ ပြဿနာတွေယနေ့ရင်ဆိုင်နေကြရပါတယ်။ တိုင်းရင်းသားဒေသတွေနှင့် မြန်မာပြည်အနှံ့မှာ ဆယ်စုနှစ်အတွင်း သစ်ထုတ်ယူခဲ့ကြပေမဲ့လည်း ဒေသခံတွေအတွက်တော့ သစ်ငုတ်တိုလမ်းအိုနှင့် ကမ်းပါးပြိုသာ လက်ဆောင်ရခဲ့ကြပြီး လူတစ်ခုရောင်းဝယ်သူတွေကတော့ ကြီးကြီးတက်။ ဒေသခံပြည်သူတွေအနေနဲ့ကတော့ သစ်တောသစ်ပင်တွေကြားမှာ ရွာတည်ထားပါရက် ဒေသထွက်သစ်အသုံးပြုပြီး အိမ်လေးတစ်လုံးတောင် တရားဝင်ဆောက်လုပ်ခွင့်မရတဲ့ အဖြစ်ကတော်တော်ကိုဆိုးရွားလှပါတယ်။ ကျွန်တော့်ရဲ့ တိုက်တွန်းကြောင်းအဆိုက ကလေးကျပြီးမှ လှေကားထောင်ချင်တဲ့အဆို ဖြစ်ကြောင်း ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ နောက်ထပ်ကလေးထပ်မကျအောင် လှေကားထပ်ထောင်ဖို့လိုအပ်မှာ ဖြစ်တယ်လို့ ပြောချင်ပါတယ်။

ဒီလိုပဲ သစ်တောတွေအပြောင်ခုတ်ပြီးမှ သစ်ထုတ်ယူစရာ မကျန်တော့မှ ဒီအဆိုကို တင်တာဟာ သဘာဝမကျပေမဲ့ ယနေ့အချို့ဒေသတွေမှာ သစ်ထုတ်ယူမှုတွေနဲ့ နောက်ထပ်သစ်ထုတ်ယူမှုတွေမှာ အမှားထပ်မမှားဖို့၊ ကြိုတင်ပြင်ဆင်စီမံထားရှိဖို့ တိုက်တွန်းရခြင်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ထုတ်ယူခဲ့မှုတွေရဲ့ ကောင်းကျိုး၊ ဆိုးပြစ်တွေနဲ့ အဖက်ဖက်က အမှားတွေကို ယနေ့သင်ခန်းစာယူပြီး အနည်းငယ်မျှ ကျန်ရှိနေသေးတဲ့ မြန်မာ့သစ်တောသယံဇာတတွေကို ကောင်းမွန်စွာ၊ အကျိုးရှိစွာ အသုံးပြုနိုင်ဖို့ နိုင်ငံအတွင်းတိုင်းရင်းသားများနှင့် ပြည်သူလူထုတစ်ရပ်လုံး အကျိုးဖြစ်ထွန်းစေမည့် သစ်တောသယံဇာတ ထုတ်ယူသုံးစွဲမှုအစီအမံတွေ ချမှတ်အကောင်အထည်ဖော်ပေးနိုင်ဖို့ ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ပြည်သူလူထုကို အကျိုးမပြုတဲ့ ခေတ်စနစ်နဲ့ မလျော်ညီတော့တဲ့ သစ်တောဥပဒေကန့်သတ်ချက်တွေကို ဖြေလျှော့ပြုပြင်ပြီး ပြည်သူလူထုကို အမှန်တကယ်အကျိုးဖြစ်ထွန်းစေပြီး ထိရောက်မည့်ပြဋ္ဌာန်းချက်တွေနှင့်အတူ ပြည်သူလူထုကိုယ်တိုင်ကာကွယ်၊ ပြည်သူလူထုကိုယ်တိုင်အစုအဖွဲ့ပိုင်သစ်တောတွေ စိုက်ပျိုးထူထောင်ပြီး သစ်တောထွက်သယံဇာတတွေကနေ တစ်ဆင့် လက်တွေ့အကျိုးဖြစ်ထွန်းစေမည့် အစီအမံကောင်းများ ပြင်ဆင်ချမှတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

မူကြမ်း

Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ အခုအချိန်မှာဆိုရင် EU ဥရောပသမဂ္ဂနှင့် ချိတ်ဆက်ပြီး တရားဝင်သစ်တောထုတ်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရေးအစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေချိန်လည်းဖြစ်ပါတယ်။ တရားမဝင်သစ်များ ထုတ်ယူရောင်းဝယ်ဖောက်ကားခြင်းမှ ရပ်ဆိုင်းပြီး သစ်ကုန်သွယ်မှုလုပ်ငန်းစဉ်အားလုံး တရားမဝင် ဖြစ်ပေါ်စေရေးအတွက် ဥရောပသမဂ္ဂ EU နှင့် သစ်ထုတ်လုပ်ရောင်းချတင်ပို့ခွင့်နိုင်ငံများအကြား မိတ်ဖက်သဘောတူကုန်သွယ်ရေးစာချုပ်ချုပ် Voluntary Partnership agreement ချုပ်ဆိုနိုင်ရေး ဆောင်ရွက်နေချိန်လည်းဖြစ်ပါတယ်။ နိုင်ငံအဆင့်၊ ပြည်နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ အောက်ခြေဒေသခံများအဆင့်ထိ Multi-Stakeholder Group သုံးဖွဲ့ဆိုင်အဖွဲ့များ ဖွဲ့စည်းတည်ထောင်နေဆဲဖြစ်ပြီး ဥရောပသမဂ္ဂနှင့် ကုန်သွယ်ရေးစာချုပ်များ ချုပ်ဆိုနိုင်ရေးတွန်းအားပေး ပူးပေါင်းဆောင်ရွက်ကြရမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အဆိုတင်သွင်းရခြင်းရဲ့ အဓိကရည်ရွယ်ချက်တွေဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်း သင့်လျော်သည့်ဒေသများ၌ သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများ၊ ဌာနေတိုင်းရင်းသားများကိုယ်တိုင် သစ်တောသယံဇာတစီမံခွဲဝေသုံးစွဲမှုအကျိုးဖြစ်ထွန်းနိုင်မည့် အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာစေရေး၊ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးခြင်းအပေါ် လူထုစိတ်ပါဝင်စားလာကာ သစ်တောကိုအမှီပြုနေထိုက်ကြသော ပြည်သူလူထုနှင့် ဒေသခံတိုင်းရင်းသားများ၏ သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာများ တိုးပွားပြီးရပိုင်ခွင့်နှင့် အခွင့်အလမ်းများပိုမိုရရှိလာနိုင်စေရန်၊ ကမ္ဘာ့အဆင့်-၁ ရောင်းတန်းဝင်မြန်မာကျွန်းသစ်နှင့် အခြားဈေးကွက်ဝင်သစ်မာများ ကုန်ကြမ်းနှင့်သစ်အလုံးလိုက်တင်ပို့ခြင်းမှ ရပ်ဆိုင်းပြီး ကုန်ချောအဖြစ်ပြောင်းလဲထုတ်လုပ်နိုင်ခြင်းကြောင့် သစ်ကိုအခြေခံသည့် ပြည်ပပို့ကုန်တန်ဖိုးမြှင့်တင်ရာမှတစ်ဆင့် နိုင်ငံတော်အတွက် ပြည်ပဝင်ငွေအခွင့်အလမ်း ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ဒေသခံအလိုက် သင့်လျော်သည့် ဒေသများ၌ သစ်အချောထည်စက်ရုံများ ပေါ်ပေါက်လာခြင်းဖြင့် ဒေသတွင်းအလုပ်လက်မဲ့ အခြေခံလူတန်းစားများ သစ်အချောထည်စက်ရုံများမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရန် နိုင်ငံအဝန်းရှိ ပြည်သူများ၏ သစ်အခြေခံလိုအပ်ချက်များကို တရားမဝင်

ရောင်းဝယ်ဖောက်ကားဖြည့်ဆည်းရခြင်းမှ လွတ်ကင်းပြီး သစ်အချောထည်စက်ရုံများ ပေါ်ပေါက်လာခြင်းအားဖြင့် တရားဝင်ရောင်းဝယ်အသုံးပြုလာခြင်းနှင့် တရားမဝင်သစ်ရောင်းဝယ်ဖောက်ကားမှုများမှ တားဆီးကာကွယ်နိုင်ရန်၊ နိုင်ငံအတွင်း အဖိုးတန်ကျွန်းသစ်နှင့်သစ်မာများ ခုတ်ယူထုတ်လုပ်ရာတွင်ခက်ခဲသည့်ဒေသများ၌ နှစ်စဉ်လေလွင့်ဆုံးရှုံးလျက်ရှိသော ကိုင်းဖျား၊ ကိုင်းနား၊ သစ်လေ၊ သစ်လွင့်များ အလဟဿ၊ သစ်လေသစ်လွင့်ဆုံးရှုံးမှုမရှိစေဘဲ အကျိုးရှိစွာ အသုံးပြုနိုင်ပြီး အဖိုးတန်းသစ်များလေလွင့်ဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊ မြန်မာ့နိုင်ငံမှာထွက်ရှိသော ကမ္ဘာ့အဆင့်-၁ ရောင်းတန်းဝင်ကျွန်းသစ်နှင့် သစ်မာများအား ပြည်ပဈေးကွက်သို့တရားဝင်တင်ပို့နိုင်သော ကုန်ချောအဆင့်ထုတ်လုပ်နိုင်ခြင်းဖြင့် မြန်မာ့သစ်အချောထည်ပစ္စည်းများ ပြည်ပသို့ထိုးဖောက်နိုင်ရန်နှင့် သစ်အချောထည်စက်ရုံများအစပြု၍ အသေးစား၊ အလတ်စား၊ စက်မှုလက်မှုလုပ်ငန်းကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလာစေရန် စသည့်အချက်များကို ရည်ရွယ်ပြီးဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုဖြစ်တဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ်နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာ သင့်လျော်သည့် ဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံများ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆွေးနွေးပေးနိုင်ပါရန် အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးညွန့်ဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမည့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကန်ပက်လက်မဲဆန္ဒနယ်က ဦးညွန့်ဝင်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပဲဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြသွားတဲ့အဆိုကို အပေါ်ယံခေါင်းစဉ်လေးကိုသာ ကြည့်မယ်ဆိုရင်တော့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကမ္ဘာကြီးပူနွေးလာပြီး အပူရှိန်မြင့်တက်လာမှုတွေ၊ ရေကြီးရေလျှံမှုတွေ၊ ရေရှားပါးမှုတွေ၊ မြေပြိုကျမှုတွေ၊ လေပြင်းမုန်တိုင်းတိုက်ခတ်မှုတွေ စတဲ့သဘာဝဘေးအန္တရာယ်တွေ နှစ်စဉ်ခံစားရချိန်မှာ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေမယ့်ကိစ္စ၊ သစ်တောပြုန်းတီးမယ့်ကိစ္စတွေကို မဆွေးနွေးသင့်ဘူးလို့ ယူဆကြမှာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အဆိုရှင်တင်ပြထားတဲ့ရည်ရွယ်ချက်တွေ၊ ဆွေးနွေးချက်တွေကိုကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့စီးပွားရေးမျှော်မှန်းချက်တွေ၊ ရည်မှန်းချက်တွေနဲ့ကိုက်ညီနေသလို နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ(၁၂)ချက်နဲ့ကိုက်ညီနေတာတွေကိုလည်းတွေ့ရပါတယ်။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ(၁၂)ချက်မှာ ပြည်သူလူထုတွေ အလုပ်အကိုင်အခွင့်အလမ်းတွေဖော်ဆောင်ပေးဖို့၊ စီးပွားရေးတိုးတက်မှုကိုဖြစ်စေတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေကို ကူညီပံ့ပိုးပေးဖို့၊ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ဖွံ့ဖြိုးတိုးတက်စေဖို့၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း ရင်းနှီးလုပ်ကိုင်လိုတဲ့ စီးပွားရေးလုပ်ငန်းတွေကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိစေဖို့နှင့် တီထွင်ဖန်တီးမှုစွမ်းရည်တွေမြင့်မားပြီး နည်းပညာတွေဖွံ့ဖြိုးတိုးတက်စေဖို့ဆိုတဲ့အချက်တွေ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါတင်မကသေးပါဘူး။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ သစ်တောနှင့် သယံဇာတဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာလည်းပဲ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲတဲ့နေရာမှာ အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုတဲ့တင်ပြထားတဲ့အချက် ပါရှိနေသလို သစ်လုံးအလိုက်တင်ပို့မှုတွေကို လျှော့ချပြီး ပေအချောထည်ထုတ်လုပ်မှုတွေကို အားပေးမယ်ဆိုတဲ့အချက်လည်း ပါရှိနေတာကို တွေ့ရပါတယ်။ ဒီလို သစ်အခြေခံစက်မှုလက်မှုလုပ်ငန်းတွေတိုးတက်လာစေရေးအတွက်ကိုလည်းပဲ လိုအပ်တဲ့ ကုန်ကြမ်းရရှိရေးကို စီမံဆောင်ရွက်ပေးမယ်ဆိုတဲ့အချက်လည်း ဝန်ကြီးဌာနရဲ့စီမံချက်တွေမှာ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် သစ်အခြေခံစက်မှုလက်မှုတွေဖွံ့ဖြိုးတိုးတက်တာတွေကတစ်ဆင့် သစ်ထွက်ကုန်အမယ်သစ်တွေ တိုးတက်လာပြီးတော့မှ အလုပ်သမားတွေအတွက် ခေတ်မီတဲ့နည်းပညာတွေရရှိရေးအတွက်ကိုလည်း စီမံဆောင်ရွက်ပေးမယ်လို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် တန်ဖိုးမြှင့်သစ်တွေကို ပြည်ပဈေးကွက်ကို

တင်ပို့ရောင်းချနေခွင့်အတွက်ကိုလည်းပဲ တွန်းအားပေး ဆောင်ရွက်သွားမယ်လို့တင်ပြထားတာကို ကျွန်တော်တို့တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြထားတဲ့ရည်ရွယ်ချက်တွေနဲ့ တင်ပြချက်တွေမှာလည်းပဲ သင့်တော်တဲ့နေရာဒေသတွေမှာ သစ်အခြေခံစက်ရုံတွေ၊ သစ်အချောထည်စက်ရုံတွေကို ထူထောင်ပေးခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေပွင့်လာပြီး နိုင်ငံတော်ရဲ့အလုပ်လက်မဲ့ပြဿနာကို အထိုက်အလျောက် ဖြေလျော့နိုင်မှာဖြစ်ကြောင်း တစ်ဦးချင်းဝင်ငွေတွေများလာပြီး ဆင်းရဲမွဲတေမှုတွေကိုဖြေလျော့နိုင်မှာဖြစ်ကြောင်း တင်ပြထားတာတွေကို တွေ့ရပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းအားဖြင့် တရားမဝင် သစ်ခိုးထုတ်ယူမှုတွေကို လျှော့ချနိုင်မယ်ဆိုတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်တစ်ချက်တင်ပြလိုတာကတော့ အဆိုရှင်ရဲ့တင်ပြတဲ့အထဲမှာ နှစ်စဉ်လေ့လွင့်ဆုံးရှုံးလေ့ရှိသောကိုင်းဖျားကိုင်းနားတွေ၊ သစ်လေသစ်လွင့်တွေကို အလဟဿမဖြစ်ရအောင် အကျိုးရှိတဲ့နည်းနဲ့ အသုံးချနိုင်အောင် တင်ပြထားတဲ့အချက်ဟာလည်းပဲ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့သစ်အခြေခံစက်ရုံများကို လိုအပ်တဲ့ကုန်ကြမ်းပစ္စည်းတွေ ထောက်ပံ့မယ်ဆိုတဲ့ အချက်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေတဲ့ အကျိုးမဲ့ဖြစ်တော့မယ့် ကိုင်းဖျားကိုင်းနားတွေ၊ သစ်လေသစ်လွင့်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ တင်ပြထားတဲ့အချက်ဟာလည်း အင်မတန်မှသင့်မြတ်ကြောင်း တင်ပြလိုပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ အဲဒါကတော့ တောထဲတွေမှာ တွေ့ရတဲ့ သစ်ငုတ်အပိုင်းအစတွေပဲ ဖြစ်ပါတယ်။ ဒါကတော့ တောထဲတွေထဲမှာတွေ့ရတဲ့ သစ်အပိုင်းအစတွေ၊ ကိုင်းဖျာကိုင်းနားတွေပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ သစ်လေသစ်လွင့်တွေ၊ အရင်တုန်းက သစ်ထုတ်လုပ်ရေးလုပ်ငန်းက ကျန်ခဲ့တဲ့ သစ်လေသစ်လွင့်တွေပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း သစ်လေသစ်လွင့်တွေပဲ ဖြစ်ပါတယ်။ ဒါတွေကတော့ ယာခင်းတွေ၊ ဖုန်းဆိုးတောတွေမှာရှိနေတဲ့ ယာသတ်သစ်ပင်တွေပဲ ဖြစ်ပါတယ်။ ဒါတွေကလည်း ယာခင်းတွေမှာတွေ့ရတဲ့ ကိုင်းဖျားကိုင်းနားတွေ၊ သစ်ကြွင်းသစ်ကျန်တွေပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒါတွေကတော့ သစ်ကြွင်းသစ်ကျန်တွေ၊ သစ်မြစ်တွေကမှ ဖြစ်ပေါ်လာတဲ့ ကုန်ချောပစ္စည်းတွေပဲ ဖြစ်ပါတယ်။ ဒါတွေကတော့ သစ်မြစ်တွေကနေပြီးတော့မှ နည်းပညာနဲ့ လုပ်အားတွေ ပေါင်းစပ်ပြီးတော့မှ ဖြစ်ပေါ်လာတဲ့ ကုန်ချောပစ္စည်းတွေ ဖြစ်ပါတယ်။ ဒါတွေဆိုလို့ရှိရင် သစ်မြစ်တွေကို နည်းစနစ်တကျပြုပြင်ထားတဲ့ ကုန်ချောပစ္စည်းတွေပဲ ဖြစ်ပါတယ်။

Power Point မှာတင်ပြခဲ့တဲ့ အကျိုးမဲ့ပျက်စီးတော့မယ့် တောင်ယာဖုန်းဆိုးတောတွေထဲမှာရှိတဲ့ ယာသတ်သစ်ပင်တွေ၊ ကိုင်းဖျားကိုင်းနားတွေ၊ သစ်လေသစ်လွင့်တွေ၊ အမြစ်ဆုံပိုင်းတွေ။ ဒါတွေကို အကျိုးရှိရှိ အသုံးချနိုင်အောင် သင့်တော်တဲ့နေရာတွေမှာ သစ်အခြေခံစက်ရုံတွေ တည်ထောင်ပေးဖို့ အင်မတန်လိုအပ်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ ယခုတင်ပြခဲ့တဲ့ သစ်လေသစ်လွင့်တွေကို နိုင်ငံတော်အနေနဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ လိုအပ်ချက်တွေကို တိုင်းပြည်အတွက် အကျိုးရှိရှိအသုံးချမယ်ဆိုရင် နိုင်ငံတော်အနေနဲ့လည်း ဝင်ငွေရရှိလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာတွေအတွက် အထောက်အကူပြုပစ္စည်းတွေ၊ နည်းပညာတွေ၊ လုပ်အားတွေ ပေါင်းစပ်လိုက်မယ်ဆိုရင် ရောင်းတန်းဝင်အသစ်အချောထည်တွေ ထွက်ရှိလာပြီး နိုင်ငံခြားတင်ဖို့မှုကိုလည်း သစ်လုံးအလိုက်တင်ပို့မှုကို ကာကွယ်နိုင်ပြီး တန်ဖိုးမြင့်အချောထည်တွေ တင်ဖို့နိုင်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေကို ပိုရရှိလာမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆိုရင် အစိုးရအနေနဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့မှ ကူညီပံ့ပိုးမှုတွေလုပ်နေတဲ့အချိန်မှာ အခုလိုဒေသတွေမှာ သစ်အခြေခံလုပ်ငန်းတွေ ဆောင်ရွက်ပေးမယ်ဆိုပါက ဒေသအတွင်းမှာရှိတဲ့ ပြည်သူလူထုတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်လာပြီး တစ်ဦးချင်းဝင်ငွေတွေ မြင့်မားလာကာ လူနေမှုစီးပွားဘဝတွေဟာလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ သစ်လေသစ်လွင့်တွေ၊ ကိုင်းဖျားကိုင်းနားတွေ၊ ယာသတ်သစ်ပင်တွေ၊ ငုတ်ပိုင်းတွေ၊ ဆုံပိုင်းတွေ ဒါတွေကို သုံးသပ်ခွင့်ပြုပြီးတော့မှ အလုပ်ရုံတွေ၊ စက်ရုံတွေ တည်ထောင်ပေးမယ်၊ တည်ထောင်ခွင့်ပြုမယ်ဆိုရင် ကျွန်တော် Power Point မှာပြခဲ့တဲ့ တန်ဖိုးမြင့်ပစ္စည်းတွေသာလျှင်မကဘဲနဲ့ အိမ်သုံးပရိဘောဂပစ္စည်းတွေ၊ မီးဖိုချောင်သုံးပစ္စည်းတွေ၊ ပန်းကန်၊ ဇွန်း၊ တူ အစရှိတဲ့ပစ္စည်းတွေ ဒါတွေပါရရှိမှာဖြစ်တဲ့အပြင် အိမ်ဆောက်ပစ္စည်းတွေအဖြစ်တဲ့ သစ်ခွဲသားတွေ၊ မျက်နှာကျက်ပြားတွေ၊ ပါးကေးပြားတွေစတဲ့ အချောထည်တွေကိုထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။ ဒါကိုသေချာစဉ်းစားကြည့်မယ်ဆိုရင် အမှိုက်ကနေ ရွှေဖြစ်မယ့်ကိစ္စမျိုးပဲ ဖြစ်ပါတယ်။ အခုဆိုရင် သစ်တောဥပဒေကလည်း ပြင်ဆင်ပြီးဖြစ်သလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုလည်း ပြင်ဆင်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့သော်လည်းကောင်း၊ ဌာနဆိုင်ရာတွေအနေနဲ့သော်လည်းကောင်း၊ မှန်မှန်ကန်ကန် အဂတိကင်းကင်းနဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက အင်မတန်အကျိုးရှိသော လုပ်ငန်း

တစ်ခုလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းတဲ့ အဆိုဟာ နိုင်ငံသူနိုင်ငံသားများရဲ့အကျိုးအတွက်ရော၊ နိုင်ငံတော်အတွက်ရော ထိရောက်စွာအကျိုး ရှိမှာဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကြီးမှ အကျယ်တဝင့်ဆွေးနွေးနိုင်ပါရန် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲ ငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးညွန့်ဝင်း တင်သွင်းသွား တဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်ကတင်သွင်းသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အဖိုးတန်ကျွန်းသစ် နှင့် ဈေးကွက်ဝင်သစ်မာများ ထွက်ရှိရာဒေသများ၌ အစိုးရ၏အစီအစဉ်ဖြင့် သစ်အချောထည်စက်ရုံ များ တည်ဆောက်ပေးနိုင်ရေး လိုအပ်သော နည်းပညာနှင့် အရင်းအနှီးများ ပံ့ပိုးပေးမည့် အစီအမံ ကောင်းများ ချမှတ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံ ဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးညွန့်ဝင်း၊ ကန်ပက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၇-၅-၂၀၁၉ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသည့် ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များ တွင်စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ဆောင်ရွက် ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်မှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ (၃-၅-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ပေးအပ်သောဘွဲ့နှင့် လျော်ညီသော ပညာအရည်အသွေးသင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင်စာတွေ့၊ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ခြင်း၊ လက်တွေ့ ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်မှုများပြုလုပ်၍ အဆင့်မြင့်ပညာ မြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနဲ့ စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် သုံးဦးရှိပါတယ်။ ပထမဦးစွာ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူများအားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ကျွန်တော်ကတော့ ကောလင်း မဲဆန္ဒနယ်က ဦးမျိုးဇော်အောင်တင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးမယ့် အောင်မြေသာစံ မဲဆန္ဒနယ်က ဒေါက်တာလှမိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ မြန်မာ့ပညာရေးအဆင့်မြင့်လာစေ ဖို့အတွက် ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလို ပြုပြင်ပြောင်းလဲမှု တွေဆောင်ရွက်တဲ့နေရာမှာ အဆင့်မြင့်ပညာကဏ္ဍကလည်း အရေးပါပါတယ်။ ဒီအဆင့်မြင့်ပညာ ကဏ္ဍကြီးတစ်ခုလုံး တိုးတက်မြင့်မားစေလာဖို့အတွက် အဆိုရှင်ရဲ့အဆိုဟာ အလွန် အင်မတန်မှ ကြိုဆိုစရာကောင်းတဲ့ အဆိုတစ်ရပ်ဖြစ်ပါတယ်။ အဆိုကောင်းတစ်ခုလည်းဖြစ်ပါတယ်။ ဒါဟာ

မလွဲမသွေအဆင့်မြင့်ပညာကဏ္ဍမှာ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်တွေက မလွဲမသွေ ဆောင်ရွက်ရမယ့် အဆိုတစ်ခုဖြစ်သလို ပညာရေးဝန်ကြီးဌာနကလည်း လက်ရှိအကောင်အထည်ဖော် နေတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပညာရေးဝန်ကြီးဌာနနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အနေနဲ့ ဒီအဆိုအပေါ်မှာ စဉ်ဆက်မပြတ်အားထုတ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရမယ့် လုပ်ငန်းစဉ်များလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆင့်မြင့်ပညာတက္ကသိုလ်များရဲ့ အသက်ဟာ သုတေသနဖြစ်ပါတယ်။ ဒီထက်ပိုပြီးတော့ နက်နက်ရှိုင်းရှိုင်းပြောရရင် သုတေသနနှင့် ယှဉ်သော သင်ကြားရေးဖြစ်ပါတယ်။ သုတေသနမရှင်သန်တဲ့ တက္ကသိုလ်တွေဟာ ကျောင်းသားရော၊ တက္ကသိုလ်ရော၊ နိုင်ငံတော်ရောဟာ အချိန်ဖြုန်း၊ ငွေဖြုန်းနေခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သုတေသနကောင်းတွေဖြစ်လာဖို့ အဓိကလိုအပ်တာကတော့ အဆိုရှင်တင်ပြသွားသလို စာတွေ့၊ လက်တွေ့မျှတသော သင်ရိုးညွှန်းတမ်းများ၊ လက်တွေ့ခန်းများအဆင့်မြင့်လာဖို့၊ ကွင်းဆင်းခြင်းနဲ့ စာတမ်းကောင်းများထွက်ပေါ်လာဖို့ဟာ အလွန်အရေးပါသော အချက်များဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အဆိုမှာပါရှိတဲ့အတိုင်းပဲ ဆောင်ရွက်နိုင်ဖို့အတွက်ဆိုလို့ရှိရင် အရေးကြီးတဲ့၊ အရေးပါတဲ့ ကဏ္ဍငါးခု ရှိပါတယ်။ (၁)ကတော့ နိုင်ငံတော်ပါ။ (၂)ကတော့ ဝန်ကြီးဌာနပါ။ (၃)က ဦးစီးဌာနပါ။ (၄)က ပါမောက္ခချုပ်များဖြစ်ပါတယ်။ နောက်ဆုံးအရေးကြီးဆုံးကတော့ ပါမောက္ခများရဲ့ အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဆိုတဲ့ အခန်းကဏ္ဍမှာ ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒီနေ့ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် နိုင်ငံတော်က ပညာရေးနဲ့ ပတ်သက်တဲ့ ဘဏ္ဍာငွေများတိုးမြှင့်ချထားပေးဖို့ လိုအပ်ပါတယ်။ ဒီလိုတိုးမြှင့်ချထားပေးနေတာလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် ပညာရေးဘတ်ဂျက်တွေ ပိုမိုတိုးမြှင့်ပြီး သုံးစွဲနေတာ လည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒီနေ့တစ်နိုင်ငံလုံးရဲ့ ပညာရေးဘတ်ဂျက်၊ တစ်နိုင်ငံလုံးသုံးစွဲတဲ့ ဘတ်ဂျက်ရဲ့ ၁၀ ရာခိုင်နှုန်းနီးပါးထိကို တိုးမြှင့်သုံးစွဲနေတာကို ကျွန်တော်တို့ တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ ပြီးရင် နိုင်ငံတော်ရဲ့အဓိကတာဝန်က ပေးအပ်လိုက်တဲ့ ပညာရေးဝန်ကြီးဌာနဘတ်ဂျက် တွေကို စနစ်တကျခွဲဝေသုံးစွဲဖို့အတွက် စီမံဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ ဒုတိယအရေးကြီးတာ ကတော့ ဝန်ကြီးဌာနများဖြစ်ပါတယ်။ မိမိတို့နိုင်ငံရဲ့ ဦးတည်လျှောက်လှမ်းနေတဲ့စနစ် အောင်မြင်ဖို့ရာ

အတွက် အထောက်အပံ့ဖြစ်စေနိုင်တဲ့ နိုင်ငံသားတွေကို မွေးထုတ်ပေးနိုင်ဖို့ ပညာရေးမူဝါဒကောင်းတွေကို ပညာရေးဝန်ကြီးဌာနက ချမှတ်ပေးရမှာဖြစ်ပါတယ်။ ဒီလိုချမှတ်ပေးခြင်းနဲ့အတူ လိုအပ်သောအထောက်အပံ့များကိုလည်း အလေအလွင့်မရှိစေဘဲ စီမံခန့်ခွဲပေးရမှာလည်း ဖြစ်ပါတယ်။ စီမံခန့်ခွဲတဲ့နေရာမှာ (၁) ဘဏ္ဍာငွေစီမံခန့်ခွဲမှု၊ (၂) လူသားအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ (၃) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတွေဖြစ်ပါတယ်။ ဒီစီမံခန့်ခွဲမှုတွေ ဝန်ကြီးဌာနက ကောင်းရင်ကောင်းသလို အဆင့်မြင့်ပညာကဏ္ဍအပါအဝင် ကျန်သောပညာရေးစင်တာများအားလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ (၃) အရေးပါတာကတော့ အဆင့်မြင့်ပညာဦးစီးဌာနပါ။ အဆင့်မြင့်ပညာဦးစီးဌာနကလည်း မိမိတို့စီမံခန့်ခွဲနေရတဲ့ တက္ကသိုလ်တွေ၊ ဒီဂရီကောလိပ်တွေ၊ ကောလိပ်တွေရဲ့ လိုအပ်ချက်တွေကို အထက်၊ အောက်ချိတ်ဆက်ပေးခြင်းနဲ့ စီမံခန့်ခွဲမှုကောင်းတွေရှိမှသာလျှင် ကျွန်တော်တို့ ပညာရေးဟာ တိုးတက်လာမှာဖြစ်ပါတယ်။ နောက် အရေးကြီးတဲ့အရာကတော့ ပါမောက္ခချုပ်များရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ ဒီနေ့ကျောင်းတစ်ကျောင်း၊ တက္ကသိုလ်တစ်ခု၊ ကောလိပ်တစ်ခု၊ ဒီဂရီကောလိပ်တစ်ခု ဖွံ့ဖြိုးတိုးတက်မှုဟာ ပါမောက္ခချုပ်များပေါ်မှာ အများကြီးမူတည်ပါတယ်။ ပါမောက္ခချုပ်များက မိမိတို့တက္ကသိုလ်တည်ရှိရာ ဒေသဆိုင်ရာလိုအပ်ချက်၊ နိုင်ငံတော်ရဲ့လိုအပ်ချက်ဖြစ်တဲ့ လုပ်ငန်းတွေကို Integrated Project သုတေသနတွေကို ရှာဖွေဖော်ထုတ်ပြီးတော့ စုစည်းပေးနိုင်မှသာလျှင် ဒေသဆိုင်ရာလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို တက္ကသိုလ်ရဲ့အရည်အသွေးတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နောက်ဆုံး ပိုပြီးအဓိကကျတာကတော့ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးက ဘာသာရပ်ဆိုင်ရာ ပါမောက္ခအသီးသီးပါပဲ။

အဆိုရှင်တင်ပြထားတဲ့အထဲမှာပါတဲ့အတိုင်းပဲ (၁) သင်ရိုးညွှန်းတမ်းတွေကို စာတွေ့၊ လက်တွေ့မျှတဖို့ သင်ရိုးညွှန်းတမ်းတွေဆွဲတာလည်း သက်ဆိုင်ရာဘာသာရပ်အသီးသီးရဲ့ Book of Study တွေပါပဲ။ သူတို့အပေါ်မှာအများကြီးမူတည်နေပါတယ်။ ပါမောက္ခများနှင့် Book of Study ရဲ့အရည်အသွေးမြင့်မားလေလေ သင်ရိုးညွှန်းတမ်းမှာ စာတွေ့၊ လက်တွေ့တွေနဲ့ရရှိလာတဲ့ ဘွဲ့ရရှိတဲ့သူတွေအရည်အသွေးမြင့်မားလေလေ ဖြစ်မှာပါ။ (၂)ကတော့ မိမိတို့ဌာနမှာ ဒီ စာတွေ့၊ လက်တွေ့လုပ်ဖို့လက်တွေ့ခန်းတွေ၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ လိုအပ်တဲ့ References တွေ၊ Library တွေဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေကတော့ လိုအပ်တယ်။ ဘာတွေကတော့ အမှန်တကယ် လိုအပ်တယ်ဆိုတာကို စနစ်တကျပြုစုတင်ပြပေးရမှာလည်း ပါမောက္ခများရဲ့တာဝန်ပဲဖြစ်ပါတယ်။ ဒီလို စနစ်တကျ

တင်ပြပေးနိုင်ခြင်းမရှိလို့ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှာ ခေတ်အဆက်ဆက်ကမှာထားတဲ့ သုတေသနပစ္စည်းတွေ အသုံးမတည့်တော့ဘဲနဲ့ အခန်းထဲမှာ၊ စတိုထဲမှာစုပုံထားရတာတွေလည်း အများကြီးတွေ့မြင်နိုင်ရမှာဖြစ်ပါတယ်။

(၃)ကတော့ လက်တွေ့ဆောင်ရွက်ခိုင်ခြင်း။ ကျောင်းသားကျောင်းသူတွေကို လက်တွေ့ဆောင်ရွက်ခိုင်းတဲ့နေရာမှာ ပါမောက္ခများနဲ့ ဒီမှာရှိတဲ့ဆရာဆရာမများရဲ့အခန်းကဏ္ဍ အလွန်အရေးကြီးပါတယ်။ သူတို့ရဲ့စီမံခန့်ခွဲမှုကောင်းရင်ကောင်းသလို ကျောင်းသားများ လက်တွေ့ဆောင်ရွက်ခြင်းနဲ့ သုတေသနပြုခြင်း၊ စာတမ်းတိုရေးခြင်းတွေဟာ အလွန်အရေးပါပါတယ်။ နောက်တစ်ချက်ကတော့ အဆိုရှင်တင်ပြအတိုင်းပဲ လက်တွေ့ကွင်းဆင်းခြင်းတွေပါ။ ဒီနေ့ တက္ကသိုလ်အသီးသီးမှာလည်း လက်တွေ့ကွင်းဆင်းဖို့ခွင့်ပြုထားတာတွေရှိပါတယ်။ ဒါပေမဲ့ တက္ကသိုလ်အသီးသီးဟာ လက်တွေ့ကွင်းဆင်းခြင်းထက် Excursion ပုံစံမျိုးပိုဆန်နေတာတွေလည်း တွေ့ရပါတယ်။ ဒါတွေဟာ ပြောရမယ်ဆိုလို့ရှိရင် ပါမောက္ခများရဲ့ စီမံခန့်ခွဲမှုအလွန်အရေးပါတဲ့အကြောင်း တင်ပြပေးခြင်းဖြစ်ပါတယ်။ နောက်ဆုံးတစ်ခုကတော့ ဘာလဲဆိုတော့ အရည်အသွေးမြင့် ဘွဲ့ယူ၊ ဘွဲ့ကြို၊ ဘွဲ့လွန်သုတေသနစာတမ်းတွေ တင်သွင်းတဲ့ အရည်အသွေးမြင့်တင်မှုဟာလည်း သက်ဆိုင်ရာ ဘာသာရပ်ပါမောက္ခအသီးသီးရဲ့ ဘုတ်အဖွဲ့ပေါ်မှာပဲ မူတည်ပါတယ်။ သူတို့ရဲ့ အရည်အသွေးမြင့်မားပြီးတော့ စီမံခန့်ခွဲမှုကောင်းရင် ဒီစာတမ်းတွေထွက်ပေါ်လာပြီး။

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ ကောလင်းမဲဆန္ဒနယ်က ဦးမျိုးဇော်အောင်ရဲ့ အဆိုမှာ အဓိကကျတာ ပေးအပ်တဲ့ဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေးသင်ပေးနိုင်စေရန် ဒါကိုကြည့်ရင် အဆိုရှင်က ပြီးခဲ့တဲ့ကာလတွေမှာ ဘွဲ့တွေနဲ့ပညာအရည်အသွေးတွေနဲ့က တန်းတူညီမျှမှုမရှိဘူး။ ဘွဲ့နဲ့ထိုက်တန်တဲ့ ပညာအရည်အချင်းမရခဲ့ဘူးလို့ ယူဆပုံရပါတယ်။ ဒါကို ကျွန်တော်သဘောတူပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ရဲ့ကိုယ်ပိုင်အတွေ့အကြုံတစ်ခုနဲ့ ယှဉ်တဲ့

ပြီးတော့ ကျွန်တော်ဆွေးနွေးချင်ပါတယ်။ ၁၉၇၀ နှစ်လယ်လောက်ထိ တက္ကသိုလ် တတိယနှစ်လောက်မှာ ဆရာကြီးတစ်ယောက်နဲ့ ကျွန်တော်တို့ သင်ကြားရပါတယ်။ ဆရာကြီးဦးအောင်သင်းပါ။ ကျွန်တော်တို့ တတိယနှစ်မှာ သခင်ကိုယ်တော်မှိုင်း လေးချိုးကြီးသင်တဲ့အခါ သူက သင်ပေးပါတယ်။ အဲဒီအခါမှာ ဆရာ့ရဲ့စကားလေး အမြဲတမ်းပြောလေ့ရှိတဲ့ ခပ်ထေ့ထေ့စကားလေးတစ်ခု ကျွန်တော် အခုထိနားထဲစွဲနေပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ခေတ်တုန်းက အမှတ်ပေးတဲ့စနစ်က Grate 1 to Grate 5 ဒီလိုပေးပါတယ်။ အဲဒီအခါမှာ ဆရာကြီးက ကျွန်တော်တို့ကိုစာသင်ရင်းတဲ့ နည်းနည်း ထေ့ငေါ့ပြီးတော့ ပြောလေ့ရှိတာက မင်းတို့ခေတ်က တက္ကသိုလ်အမှတ်ပေးစနစ်ကတော့ကွာ တော်တော် ကောင်းတာပဲ။ တံမြက်စည်းလှည်းတဲ့ကုလားမတောင် စာသင်ခန်းထဲဝင်လှည်းပြီးတော့ အထွက်မြန်လို့ အထွက်မမြန်ရင် Grate 4 ရတယ်။ ဆရာက အဲဒီလို ကျွန်တော်တို့ကို ပြောတာကိုကြားခဲ့ပါတယ်။ နောက်ပိုင်းဆရာက စာပေဟောပွဲတွေမှာ လိုက်ဟောတဲ့အခါကျတော့လည်း ဒီစကားလေးကို သူထည့်ထည့်ဟောတာကို မကြာမကြာကြားရပါတယ်။ နောက်တစ်ခုက အဲဒီကာလလောက်မှာပဲ ဆရာဝန်စာရေးဆရာ တစ်ယောက်ရေးတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ရပါတယ်။ စာအုပ်နာမည်က နီဟွန်းချင်း၊ ဒီတုမာချင်းစာအုပ်ဖြစ်ပါတယ်။ အဲဒါ ဂျပန်နိုင်ငံကိုသွားပြီးတော့ ဘွဲ့ရလူငယ်တွေသွား ပြီးတော့ မျက်နှာငယ်ငယ်နဲ့နေရတဲ့ အခြေအနေလေးကို ရင်နာနာနဲ့ရေးထားတာပါ။ အဲဒီမှာ ဆရာဝန်တွေ ဘွဲ့လက်မှတ်ကိုကိုင်ပြီးတော့ ဆေးရုံတစ်ခုကိုသူသွားတဲ့အခါ အဲဒီကဆရာဝန်ကြီး တွေက တခြားလူတွေနဲ့ မိတ်ဆက်ပေးတဲ့အခါ ဒါကတော့ မြန်မာပြည်ကလာတယ်။ သူ့ကိုယ်သူတော့ ဆရာဝန်လို့ပြောတာပဲ။ ဒီလိုမိတ်ဆက်ပေးလေ့ရှိပါတယ်။ သူကဆရာဝန်ဖြစ်တယ်လို့ မိတ်ဆက်ပေးတာမျိုးမရှိပါဘူး။ အဲဒီတော့ ဆေးရုံတွေမှာဆိုရင်လည်း မြန်မာဆရာဝန်တွေဟာ ကွန်ပေါင်ဒါသာသာလောက်ပဲ သူလုပ်ရပါတယ်။ ဆရာဝန်တစ်ယောက်အနေနဲ့ လူနာကို ဆေးပေးနိုင်တဲ့၊ ကုသနိုင်တဲ့ အင်အားမရှိခဲ့ပါဘူး။ ဒီလိုပါပဲ ဘွဲ့တွေတော်တော်များများကလည်း အင်ဂျင်နီယာဘွဲ့၊ စီးပွားရေးဘွဲ့၊ ဆရာဝန်ဘွဲ့ ဒီလိုဘွဲ့တွေဟာလည်း နိုင်ငံတကာမှာ သိပ်ပြီးတော့ အလေးထားခြင်း မခံရတဲ့ကာလတစ်ခုက အမှန်ပဲရှိခဲ့ပါတယ်။ သို့သော် ဒီလိုပြောတဲ့အတွက်ကြောင့်မို့လို့ ပြီးခဲ့တဲ့ နှစ် ၃၀၊ ၄၀ ကာလမှာ ဘွဲ့ရခဲ့တဲ့သူတွေအကုန်လုံးဟာ အသုံးမကျဘူး။ ဘာမှသုံးလို့မရတဲ့ဘွဲ့တွေရခဲ့တယ်လို့ ကျွန်တော်ဆိုလိုတာမဟုတ်ပါဘူး။ ဒီထဲမှာတကယ်ပဲ ထူးထူးချွန်ချွန်ထက်ထက်မြက်မြက် နဲ့ တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့သူတွေ အများကြီးရှိပါတယ်။ သို့သော် ရာခိုင်နှုန်းအရဆိုလို့ရှိရင် တော့ ၁၀၀ မှာ

ထူးချွန်တဲ့သူတွေဟာ ၂၀ ရာခိုင်နှုန်းလောက်ပဲရှိခဲ့တယ်လို့ ကျွန်တော်ယူဆနိုင်ပါတယ်။ ယူဆနိုင်တဲ့ အချက်တွေလည်းရှိပါတယ်။ ဒီလူတွေကတော့ သူတို့ ကျောင်းသင်စာနဲ့တင်မကဘဲနဲ့ သူတို့ရဲ့ Serve Study နောက်ပြီးတော့ Other-Study တွေကို Intensively၊ Extensively လုပ်ခဲ့လို့သာ သူတို့က ထူးထူးချွန်ချွန်ဖြစ်ခဲ့တာပါ။ အဲဒီတော့ ကျွန်တော်တို့ ပညာရေးစနစ် တစ်နည်းအားဖြင့် ဘွဲ့ပေးတဲ့ စနစ်က ယေဘုယျ Common Student တွေအတွက်ကတော့ သိပ်အလုပ်မဖြစ်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါက အခု ကျွန်တော် ဒီရက်ပိုင်းအတွင်းကပဲ အင်တာနက်ကနေပြီးတော့ ကမ္ဘာပေါ်မှာ ဂုဏ်သိက္ခာအရှိဆုံး အထင်ရှားဆုံးတက္ကသိုလ်တွေ စာရင်းရှာကြည့်လိုက်တဲ့အခါမှာ အဲဒီ တက္ကသိုလ် ၂၀၀ လောက်စာရင်းထဲမှာ မြန်မာနိုင်ငံကတက္ကသိုလ်တစ်ခုမှ မပါပါဘူး။ ဒါလွန်ခဲ့တဲ့ နှစ် ၄၀၊ ၅၀ လောက်ကတော့ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာဘယ်လောက်မြင့်မားခဲ့တယ်ဆိုတာ အားလုံးသိပါ တယ်။ အဲဒီတော့ ဒီမှာကျွန်တော်တို့ ဘွဲ့ရတွေ၊ ဘွဲ့ရပညာမတက် မြင်မြင်သမျှပါမောက္ခ၊ တွေ့သမျှလူ ပါရဂူဆိုပြီးတော့ အထစ်အငေါ့ခံနေရတာတွေက ဒီမှာ မြစ်ဖျားခံလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအဆိုရှင်ကလည်း ပေးအပ်သောဘွဲ့နှင့်လျော်ညီတဲ့ ပညာအရည်အသွေးတွေ သင်ပေး နိုင်စေရန်အတွက် သူ့ရဲ့အကြံပြုချက်တွေကတော့ တက္ကသိုလ်ကောလိပ်တွေမှာ စာတွေ့၊ လက်တွေ့ မျှတစေဖို့အတွက် သင်ထောက်ကူပစ္စည်းတွေဖြည့်ပေးဖို့၊ နောက်တစ်ခါ လက်တွေ့ဆောင်ရွက်ခိုင်းမှု တွေလုပ်ပေးဖို့၊ ကွင်းဆင်းလေ့လာမှုတွေ၊ စာတမ်းတင်ခိုင်းမှုတွေပြုလုပ်ပြီးတော့ ဘွဲ့နှင့် ပညာရေးနှင့် တစ်ပြေးညီဖြစ်အောင် အကြံပြုထားတာတွေ့ရပါတယ်။

အဲဒီတော့ အထူးသဖြင့်တော့ ကျွန်တော်က စာတမ်းတင်တာ Term Papers တင်တာ၊ Thesis ရေးခိုင်းတာ ဒါနဲ့ ကျွန်တော်တို့က ခတ်ကြမ်းတိုက်ပြီးတော့ ကုရမယ့်အနေအထားဖြစ်ပါတယ်။ ဒီကနေ့ ပညာရေးစနစ်ကိုလည်း အခြေခံကစပြီးတော့ ပြောင်းလဲမှုတွေလုပ်နေတာ ဒါအားလုံးအသိ ပါပဲ။ ပညာရေးဘတ်ဂျက်ကလည်း အများကြီးတိုးလာပါတယ်။ သို့သော် ဒီဟာတွေရဲ့ အသီးအပွင့်ကို ခံစားဖို့ကတော့ လိုပါသေးတယ်။ လောလောဆယ်မှာ ကျွန်တော်တို့ဘွဲ့ရသူတွေကို အရည်အချင်းရှိဖို့ ဆိုလို့ရှိရင် ကျွန်တော်တို့ စာတမ်းတင်ခိုင်းတဲ့ ကျမ်းပြုခိုင်းတဲ့ အဲဒီစာတမ်းတွေ၊ ကျမ်းတွေကိုလည်း သူများတကာတွေကို ပိုက်ဆံပေးပြီးတော့ ပြုစုခိုင်းတာမျိုးမဟုတ်အောင် သေချာစိစစ်ကြပ်မတ်ပြီးတော့ စာကြည့်တိုက်တွေ သေချာအသုံးပြုပြီးတော့ ဒီစာတမ်းတွေရေးနိုင်တဲ့အကြမ်းတွေပြုနိုင်တဲ့ အဆင့်မျိုး

ရောက်အောင် သေချာကြပ်မတ်ကွပ်ကဲပြီးတော့ လုပ်မယ်ဆိုလို့ရှိရင်တော့ ရေတိုနည်းနှင့်ကုသရမယ် ဆိုတာကို အကြံပြုဆွေးနွေးရင်းနဲ့ အဆိုရှင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးအောင်ကျော်မိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်မိုးဖြစ်ပါတယ်။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်း ပြီး အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ကျွန်တော့်အနေနဲ့ တက္ကသိုလ်ဆရာနှင့် ကျောင်းသားတချို့ထံကသိရတာတွေနဲ့ ပေါင်းစပ်ဆွေးနွေးမှာဖြစ်ပါတယ်။ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တချို့မှာသင်တဲ့ တချို့ဘာသာရပ်တွေမှာ ကျောင်းတက်ကာလ ၄ နှစ်အတွင်း စာတမ်း တစ်ဆောင်သာသင်ရကြောင်း စာတမ်းရမှတ်ကို စာမေးပွဲရမှတ်မှာ ထည့်သွင်းတွက်ချက်ခြင်း မရှိကြောင်း စာတမ်းမတင်ရင်တော့ အောင်စာရင်းထွက်မပေးကြောင်း သိရပါတယ်။ စာတန်းရမှတ် ကောင်းဖို့က စာမေးပွဲအောင်ရေးအတွက် အဓိကမကျသလို ဖြစ်နေပါတယ်။ စာတမ်းရမှတ်ကို အောင်/ရှုံးဆုံးဖြတ်မှုမှာ ရာခိုင်နှုန်းတိုးမြှင့်တွက်ချက်ရန်သင့်/မသင့် စဉ်းစားရမှာ ဖြစ်ပါတယ်။ တက္ကသိုလ်တချို့ရဲ့ စာမေးပွဲတွေမှာ ရေးဖြေနှင့်လက်တွေ့ ပေးမှတ်ပါဝင်မှုကို တင်ပြပါအတိုင်း တွေ့ရ ပါတယ်။ စာတွေ့များရတဲ့အဓိကအကြောင်းက ရေးဖြေအခြေပြုစာမေးပွဲစနစ်ကြောင့်ဖြစ်ကြောင်း လက်တွေ့ချိန်နည်းပြီး ကျက်စာကို ဦးစားပေးနေရသလိုဖြစ်နေကြောင်း စာမေးပွဲစနစ်ကိုပြင်သင့် ကြောင်း ထိုင်းနိုင်ငံမှာ Writing Base က ၃၀ ရာခိုင်နှုန်းပဲရှိကြောင်း ဆရာတစ်ဦးကဆိုပါတယ်။

မြန်မာနိုင်ငံကတက္ကသိုလ်တစ်ခုမှာ ရှေးဟောင်းသုတေသနအထူးပြုကျောင်းသားတွေဟာ တစ်နှစ်တစ်ကြိမ်ကွင်းဆင်းခရီး ခရီး Trip ထွက်သွားရပြီး တူးဖော်ထားတဲ့ရှေးဟောင်းဒေသတွေကို လေ့လာရကြောင်း စာတွေ့သင်ရတာတွေနဲ့ပေါင်းပြီး စာတမ်းရေးရကြောင်း၊ ကိုယ်တိုင်လက်တွေ့ တူးဖော်ခွင့်မရကြောင်း သိရပါတယ်။ အစိုးရဘတ်ဂျက်နှင့် လက်တွေ့လုပ်ခွင့်မပေးနိုင်တောင် ကိုယ်တိုင်ငွေစိုက်ထုတ်ပြီး လုပ်ချင်ရင်လုပ်နိုင်အောင် စီစဉ်ပေးသင့်တယ်လို့ ကျောင်းသား တစ်ဦးက ပြောပါတယ်။ လုပ်ခွင့်ရအောင်လည်း နည်းလမ်းရှာသင့်ပါတယ်။ ကနေဒါနိုင်ငံက

ရွေးပေါင်းသုတေသနပထမနှစ် ကျောင်းသားတွေဟာ ကိုယ်တိုင်လက်တွေ့တူးဖော်ခွင့်ရကြောင်း နှစ်ကြီးကျောင်းသားတွေဆိုရင် လုပ်ကွက်တစ်ခုကို တာဝန်ယူခွင့်ရပြီး နှစ်ငယ်တွေကို ပြန်ကြီးကြပ်နိုင်ကြောင်း သိရပါတယ်။ ပြည်ပနိုင်ငံတချို့ရဲ့ နည်းပညာတက္ကသိုလ်တွေမှာ စာတွေ့နှင့် လက်တွေ့ပါဝင်မှုရာခိုင်နှုန်းကို တင်ပြပါအတိုင်း သိရှိရပါတယ်။

မြန်မာနိုင်ငံက နည်းပညာတက္ကသိုလ်တစ်ခုမှာတော့ စာတွေ့ ၇၀ နှင့် လက်တွေ့ ၃၀ ရာခိုင်နှုန်းရှိကြောင်း၊ တစ်နှစ်ခြားတစ်ကြိမ်စီနှင့် သုံးကြိမ် ခရီး Trip ထွက်သွားရကြောင်း ဥပမာ-EP အထူးပြုဆိုရင် ရေအားလျှပ်စစ်စက်ရုံ၊ ဓာတ်အားခွဲရုံတွေကို လေ့လာရကြောင်း သိရပါတယ်။ ကျောင်းသားတွေဖြစ်ချင်တာက ခရီးမှာလက်တွေ့လုပ်ခွင့်ရဖို့ဖြစ်ပါတယ်။ သင်တန်းချိန်အလိုက် တစ်ပတ် ၁၀ ရက် နှစ်ပတ် စသဖြင့် လက်တွေ့လုပ်ခွင့်၊ စီစဉ်ပေးစေချင်ကြတာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ နောက်ဆုံးနှစ်ရောက်မှ လက်တွေ့အလုပ်သင်နှစ်လဆင်းခွင့်ရတယ်လို့ သိရပါတယ်။ ခရီး Trip မရှိတဲ့နှစ်တွေမှာ တစ်နှစ်ခြား တစ်ကြိမ်စီခန့်နှင့် သုံးကြိမ်ခန့်စာတန်းတင်ရကြောင်း တက္ကသိုလ်တစ်ခုနှင့်တစ်ခု ကွဲလွဲမှုရှိနိုင်ကြောင်း သိရပါတယ်။ ခရီး Trip နည်းပညာတက္ကသိုလ်တချို့မှာ ကိုးကားစာအုပ်၊ သက်ထောက်ကူပစ္စည်းနှင့် လက်တွေ့လုပ်ရတာတွေ မလုံလောက်တာ၊ ခေတ်မမီတာတွေရှိကြောင်း မှတ်ချက်ပြုကြပါတယ်။ အရင်နှစ်တွေတုန်းက သင်ထောက်ကူပစ္စည်းဝယ်ယူရေးနှင့် ဖြန့်ချိရေးကို အဆင့်မြင့်ပညာဦးစီးဌာနက ဆောင်ရွက်ခဲ့ပြီး ဌာနကချပေးတာနဲ့ လိုအပ်တာတွေ မတူတာ၊ အံမဝင်တာ၊ သုံးမရတာ၊ မလုံလောက်တာ စတဲ့အားနည်းချက်တွေရှိခဲ့တယ်လို့ သိရပါတယ်။

၂၀၁၈-၂၀၁၉ ခုနှစ် သင်ထောက်ကူဝယ်ယူရေးမှာ တက္ကသိုလ်အလိုက်ဆရာကိုယ်စားလှယ်တွေက ကိုယ့်ဌာနလိုအပ်ချက်အလိုက် ရွေးဝယ်ခွင့်ရကြောင်း သိရပါတယ်။ သင်ထောက်ကူလိုအပ်ချက်ပြည့်မီအောင် ဝယ်နိုင်ဖို့ကတော့ ဘတ်ဂျက်ပိုသုံးရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ ပညာရေးသတင်းလွှာတွေထဲက ပြည်ထောင်စုဝန်ကြီးရဲ့အမှာစကားတွေထဲမှာ တက္ကသိုလ်တွေရဲ့အသက်သွေးကြောသည် သုတေသနလုပ်ငန်းဖြစ်ပြီး တက္ကသိုလ်တွေရဲ့ဦးနှောက်သည် စာကြည့်တိုက်ဖြစ်ကြောင်း သင်ကြားသင်ယူရာမှာ စာကြည့်တိုက်ကိုသုံးပြီး သုတေသနစာတမ်းဖတ်ပွဲတွေအပေါ် အခြေခံရမှာဖြစ်ကြောင်း ပညာရေးစနစ်ရဲ့အသက်သည် Learning ဖြစ်ကြောင်း စာမေးပွဲစစ်ရန်အတွက်သင်ယူခြင်း၊ Learn to Test မှ သင်ယူမှုတူသင်ယူခြင်း၊ Learn to Learn သို့ပြောင်းဖို့လိုကြောင်း၊ အပေါ်ယံသင်ယူမှုမှ နက်နဲစွာသင်ယူမှု Surface Learning ကနေ Deep

Learning ကိုပြောင်းဖို့လိုကြောင်း၊ Project Base Learning အတွက် သင်တန်းပေးဖို့လိုကြောင်း၊ အပြန်အလှန်ဆွေးနွေး ခြင်းကိုအခြေခံတဲ့ သင်ကြားသင်ယူမှုစနစ်ကိုပြောင်းရမှာဖြစ်ကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။ ဒေါက်တာခိုင်မြဲ ပညာရေးရဲ့ဆောင်းပါးတစ်ပုဒ်မှာ ကျောင်းသားတို့ရဲ့ ပူးပေါင်းပါဝင်မှုကို စေ့ဆော်တဲ့ ပံ့ပိုးကူညီသူတွေအဖြစ် ဆရာတွေက ဆောင်ရွက်ရမှာဖြစ်ကြောင်း စင်္ကာပူနိုင်ငံရဲ့ ၂၀၀၄ ခုနှစ် ပညာရေးမျှော်မှန်းချက်မှာ ကျောင်းသားတွေပိုသင်ယူနိုင်ဖို့ သင်ကြားမှုကို လျှော့ချရန် Teach Last Learn More လို့ပါကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။

အထက်ကဖော်ပြချက်တွေမှာ စာကြည့်တိုက်အသုံးပြုရေး၊ သုတေသနစာတမ်းရေးသားရေးနှင့် သင်ကြားသင်ယူမှုစနစ်ပြောင်းပြီးတော့ ပါဝင်တာတွေ့ရပါတယ်။ ဒီအချက်တွေဟာ ဘွဲ့နှင့်လျော်ညီတဲ့ ပညာအရည်အသွေးတွေရဖို့ အထောက်အကူဖြစ်စေနိုင်တဲ့အတွက် အမှန်တကယ်လိုက်နာ ဆောင်ရွက်နိုင်အောင် ကြိုးကြပ်ဖို့နှင့် တိုးတက်မှုတွေရှိဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့ အတွက် အလေးထားဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။ အရည်အတွက်သာမက အရည်အသွေးပါတိုးတက်ဖို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(စ)မှာ ပညာရပ်နယ်ပယ်အလိုက် ကျွမ်းကျင်တဲ့၊ ထူးချွန်တဲ့အသိပညာရှင်၊ အတတ်ပညာရှင်တွေကို ပျိုးထောင်ပေးရန်လို့ တင်ပြပါအတိုင်းဖော်ပြထားပါတယ်။ ဒီလိုပျိုးထောင်နိုင်ဖို့ လိုအပ်တာတွေကို ပိုမိုဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် သတ်မှတ်ထားတဲ့ကဏ္ဍကိုးခုထဲက အဆင့်မြင့်ပညာကဏ္ဍမှာ ကမ္ဘာ့အဆင့်မီပညာရေးဆည်းပူးခွင့်ရရှိစေမည်လို့ တင်ပြပါအတိုင်း ဖော်ပြထားတဲ့အတွက် မြန်မာ့တက္ကသိုလ်တွေမှာ ကမ္ဘာ့တက္ကသိုလ်တွေနည်းတူ ဆောင်ရွက်နိုင်ဖို့ ရည်မှန်းထားရမှာဖြစ်ပြီး ကိုယ့်နိုင်ငံရဲ့ဘတ်ဂျက်အခြေအနေ၊ ဆရာနှင့်ကျောင်းသားတွေရဲ့အခြေအနေပေါ်မူတည်ကာ သုံးသပ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကိုးကားစာအုပ်နှင့်စာကြည့်တိုက်တွေအပါအဝင် သင်ထောက်ကူပစ္စည်းတွေ လက်ရှိအခြေအနေနဲ့ အမှန်တကယ် အသုံးပြုမှု စစ်တမ်းသင်ထောက်ကူတွေအတွက် ဘဏ္ဍာငွေခွဲဝေလျာထားမှု၊ စာမေးပွဲစနစ်၊ စာတွေ့နှင့် လက်တွေ့ ပါဝင်မှု ရာခိုင်နှုန်း၊ သင်တန်းနှင့်အောင်/ရှုံးဆုံးဖြတ်ရာမှာ စာတမ်းရမှတ်ကို ရာခိုင်နှုန်းတိုးမြှင့်တွက်ချက်ရန် သင့်/မသင့် လက်တွေ့လေ့ကျင့်ခန်းတွေကို လုပ်ငန်းခွင်တွေမှာ ကွင်းဆင်းလုပ်ဆောင်နိုင်ဖို့

စသည်တို့ကို အောက်ခြေကစပြီး အားလုံးပါဝင်ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ ဆန်းစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွေပြုလုပ်ကာ သင့်တော်တဲ့ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေး ရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးဇော်အောင် တင်သွင်းထားသော ပေးအပ်သောတွဲ့နှင့်လျော်ညီသည့် ပညာအရည်အသွေးသင်ပေးနိုင်စေရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင်စာတွေ့များကာ လက်တွေ့မျှတစေရန် သင်ထောက်ကူပစ္စည်းများဖြည့်ဆည်းခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှုများ၊ ကွင်းဆင်းလေ့လာမှုများ၊ စာတမ်းတင်ခိုင်းမှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှုကို ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနရဲ့ လက်ရှိဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးပါမယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)အရ အဆင့်မြင့်ပညာကဏ္ဍ၏လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်မြင့်ပညာကဏ္ဍအနေနဲ့ နိုင်ငံတော်ရဲ့လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အစည်း၊ စီးပွားရေးကဏ္ဍ၊ စက်မှုလုပ်ငန်းစသည်တို့မှာ လိုအပ်လျက်ရှိသော အရည်အချင်းပြည့်မီသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိတာနဲ့အညီ မဟာဗျူဟာသုံးရပ်ချမှတ်ပြီး ဆောင်ရွက်နေတာမှာ မဟာဗျူဟာ(၂)မှာ အဆင့်မြင့်ပညာရေးရဲ့ အရည်အသွေး၊ အလုပ်

အကိုင်နှင့်ပညာရပ် ဆီလျော်မှုတို့ကို တိုးတက်ကောင်းမွန်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

မဟာဗျူဟာ(၂)ရဲ့ လုပ်ငန်းအစီအစဉ်(၃)အရ ကျွန်တော်တို့ ဆောင်ရွက်နေတာကတော့ အဆင့်မြင့်ပညာကျောင်းများရှိ အထောက်အပံ့၊ အသုံးအဆောင်ပစ္စည်း၊ သင်ထောက်ကူပစ္စည်း၊ လက်တွေ့သုံးပစ္စည်းများ အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းအစီအစဉ်(၄)အနေဖြင့် အီလက်ထရောနစ်သင်ယူမှုဗဟိုဌာနများ၏ အဆင့်အတန်းကိုမြှင့်တင်ခြင်း၊ လုပ်ငန်းအစီအစဉ်(၆)အနေဖြင့် အဆင့်မြင့်ပညာကျောင်းများမှ ဆရာများနှင့် ဓာတ်ခွဲစမ်းသပ်ခန်း ကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်းများကို မဟာဗျူဟာပါလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များတွင် ဘာသာရပ်၏ သဘောသဘာဝအလျောက် စာတွေ့နှင့်လက်တွေ့သင်ကြားသင်ယူမှုကွာခြားမှုတွေရှိပါတယ်။ ဥပမာအားဖြင့် ပထဝီဝင် Environmental Studies ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒဘာသာရပ်များသည် သင်ရိုးညွှန်းတမ်းလိုအပ်ချက်အရ မဖြစ်မနေကွင်းဆင်းဆောင်ရွက်ရတာရှိပါတယ်။ သမိုင်း၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ၊ မနုဿဗေဒဘာသာရပ်များသည် ကွင်းဆင်းလိုပါက ကွင်းဆင်းလေ့လာမှုကို Part of the Curriculum ဖြင့် ဆောင်ရွက်နိုင်ပါတယ်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိက၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ နိုင်ငံရေး သိပ္ပံပညာ၊ သချ်ာဘာသာရပ်တွေကျတော့ စာတွေ့သက်သက်သာဖြစ်ပေမဲ့လည်းသက်ဆိုင်ရာဌာနမှူးအစီအစဉ်ဖြင့် ဘာသာရပ်အထောက်အကူပြု ကွင်းဆင်းလေ့လာရေးများကိုအခါအားလျော်စွာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကတော့ ဘူမိဗေဒဘာသာအတွက် သင်ထောက်ကူလက်တွေ့ကျောင်းပညာသင်တန်းကြီးဖြစ်ပါတယ်။ ဒါလည်း Geological နဲ့ပတ်သက်တဲ့ သင်ထောက်ကူပစ္စည်းများဖြစ်ပါတယ်။ ဒါတွေကတော့ သုတေသနဓာတ်ခွဲခန်းတွေမှာ နှစ်စဉ်နိုင်ငံတော်ဘတ်ဂျက်နဲ့ ဖြည့်ဆည်းပေးထားခဲ့မှုများဖြစ်ပါတယ်။ သင်ထောက်ကူပစ္စည်းများ ဖြစ်ပါတယ်။ သုတေသနသုံး အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါတွေလည်း ဘာသာရပ်အလိုက် ကျောင်းသားအများစုကိုင်တွယ်အသုံးပြုနိုင်ရန်ဖြည့်ဆည်းတဲ့ လက်တွေ့သုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါအများသုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒါဓာတ်ခွဲခန်းသုံး Auto clave တွေဖြစ်ပါတယ်။ ဒါတွေလည်း ကျွန်တော်တို့သည် အခြေခံလိုအပ်ချက်

နှင့်အညီ Microscope များ ဖြည့်ဆည်းပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါတွေကတော့ သုတေသနသုံး အဆင့်မြင့်လက်တွေ့ခန်းသုံးပစ္စည်းတွေဖြစ်ပါတယ်။ ဒီဟာလည်း လက်တွေ့ခန်းသုံး ပစ္စည်းများရဲ့ပုံစံဖြစ်ပါတယ်။ ဒါတွေကတော့ နည်းပညာတက္ကသိုလ်များမှာ ဖြည့်ဆည်းပေးတဲ့ လက်တွေ့သုံးပစ္စည်းတွေ ဖြစ်ပါတယ်။

အဲဒီတော့ ဘွဲ့ကြိုသင်တန်းအားလုံးအတွက် စာတွေ့၊ လက်တွေ့သင်ကြားမှုအချိုးကို လက်ရှိသင်ရိုးများအရ ၈ဝး၂ဝ၊ ၇ဝး၃ဝ ဆောင်ရွက်သလို ဘွဲ့လွန်သင်တန်းများအတွက် ၇ဝး၃ဝ ၊ ၆ဝး၄ဝ ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်းနှင့် ဘွဲ့ကြိုသင်တန်းများမှာ Assignments ၊ Term Paper၊ Group Projects ၊ Field Reports ၊ ဘွဲ့လွန်(MA, MSc)သင်တန်းများမှာ Projects ၊ Thesis)။ နောက်ဘွဲ့လွန်ဒီပလိုမာသင်တန်းများမှာ Term Papers ၊ Field Reports ၊ Research Papers ၊ ပါရဂူတန်းများမှာ Research Papers ၊ Research Projects ၊ Dissertations ပြုလုပ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့မျိုးဆက်သစ်လူငယ်များအကြား သိပ္ပံနှင့်နည်းပညာစိတ်ဝင်စားမှုမြှင့်တင်ရန်၊ အတွေ့အကြုံများဖလှယ်ရန်၊ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် လက်တွေ့သင်ယူနိုင်မှုစွမ်းရည်မြင့်မားတိုးတက်စေရန် ရည်ရွယ်ပြီးတော့ သိပ္ပံပွဲခင်း(Science Fair)တွေကို ၂၀၁၄ ခုနှစ်ကနေ စပြီး ငါးကြိမ်တိုင်တိုင် ဆက်တိုက်ဆောင်ရွက်ခဲ့ပါတယ်။ ဒါ Science Fair မှတ်တမ်းတင်ဓာတ်ပုံတွေဖြစ်ပါတယ်။ နောက် သုတေသနပြပွဲရဲ့ဓာတ်ပုံတွေဖြစ်ပါတယ်။ အဲဒီတော့ ဘာသာရပ်ဌာနများရဲ့ သုတေသနပြခန်းများ၊ နည်းပညာအဖွဲ့အစည်းအသီးသီးရဲ့ နည်းပညာပြခန်းတွေပါဝင်ခဲ့ပြီး ထိုပြခန်းများမှာ သုတေသီနှင့်ကျောင်းသားကျောင်းသူများသည် အဆင့်မြင့်နည်းပညာသုံးသုတေသနစက်ပစ္စည်းတွေလေ့လာခွင့်ရရှိပါတယ်။ ၎င်းတို့ရဲ့နမူနာပစ္စည်းများကိုလည်း စမ်းသပ်တိုင်းထွာနိုင်တဲ့ အခွင့်အလမ်းများရရှိခဲ့ပါတယ်။ ဒီ ပရိုဂျက်အခြေပြုသင်ကြားခြင်း(Project-based Learning) မှသည် ခွဲခြမ်းစိတ်ဖြာခြင်း(Analysis)၊ ပြန်လည်သုံးသပ်ခြင်း(Evolution)၊ လက်တွေ့ပြန်လည်အသုံးချခြင်း(Application)၊ ဆန်းသစ်တီထွင်ဖန်တီးနိုင်ခြင်း(Innovation and Creation) စသည့် Academic Values များ ရရှိနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် သိပ္ပံဘာသာရပ်ကို လွယ်ကူစွာနားလည်နိုင်စေရန် ဖျော်ဖြေမှုအသွင်ဖြင့် သိပ္ပံနှင့် ဆပ်ကပ်၊ သိပ္ပံဉာဏ်စမ်းပဟေဠိပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ပါတယ်။ သိပ္ပံဆပ်ကပ်ကို

ရန်ကုန်တက္ကသိုလ်နှင့် Australia National University တို့ပူးပေါင်းဆောင်ရွက်ခဲ့ပြီး သိပ္ပံဘာသာရပ် သင်ကြားမှုသဘောကို သမားရိုးကျ(Chalk and Talk)စနစ်မှ စရိုတ်နည်းနေ့စဉ်သုံးပစ္စည်းများကို သုံး၍ လှုပ်ရှားသက်ဝင်လက်တွေ့သင်ကြားမှုစနစ်ကို ပြောင်းလဲနိုင်ခဲ့ပါတယ်။ နည်းပညာတက္ကသိုလ် များအနေဖြင့် စာတွေ့၊ လက်တွေ့မျှတစေရန် သက်ဆိုင်ရာအထူးဘာသာရပ်အလိုက် ဘာသာရပ်အဖွဲ့ များမှ ဒေသလိုအပ်ချက်၊ လူသားအရင်းအမြစ်လိုအပ်ချက်၊ ပြောင်းလဲတိုးတက်နေသည့်ခေတ်၏ လိုအပ်ချက်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများကို နှစ်စဉ်ရေးဆွဲပြီး Lecture ၊ Practical ၊ Tutorial ချိန်များမျှတအောင် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ သင်တန်းမှတ်တမ်းပုံများဖြစ်ပါတယ်။ ဒါ URC လို့ခေါ်တဲ့ တက္ကသိုလ်များ သုတေသန Center များရဲ့ မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒီ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် သင်ရိုးညွှန်းတမ်း အရ အင်ဂျင်နီယာဘာသာရပ်များအားလုံးတွင် ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ သင်တန်းနှစ်အသီးသီးတွင် လက်တွေ့လုပ်ဆောင်သည့် သင်ခန်းစာများထည့်သွင်းထားပါတယ်။ ဒါ့အပြင် ပထမနှစ်မှ ပဉ္စမနှစ် အထိ ကျောင်းသားကျောင်းသူများသည် မိမိတို့ဘာသာရပ်နှင့်သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီများသို့ လက်တွေ့ကွင်းဆင်းလေ့လာရေး(Field Trip)သွားရောက်ခြင်း၊ Project များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှစတင်၍ နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများအနေဖြင့် Internship အလုပ်သင်အစီအစဉ်တွင် ရှစ်ပတ်ပါဝင် ဆောင်ရွက်၍ နေ့စဉ်လုပ်ဆောင်ချက်များအား Internship log book တွင် ရေးသွင်းကာ ၎င်းတို့သွားရောက်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများမှ Supervisor များမှ ကျောင်းသားကျောင်းသူများ၏ လုပ်ဆောင်ချက်များကို စိစစ်အကဲဖြတ်ခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ Presentation ပြုလုပ်ခြင်းတို့ဖြင့် ပြန်လည်သုံးသပ်စစ်ဆေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် Internship အစီအစဉ်အရ လုပ်ငန်းအတွေ့အကြုံများကို သတ်မှတ်ထားတဲ့ Standard Operation Procedure များအတိုင်း Graduation Thesis ရေးသား တင်ပြရ ပါကြောင်း တင်ပြအပ်ပါတယ်။ အင်ဂျင်နီယာဘာသာရပ်များအားလုံးအတွက် ပထမနှစ်မှ ဆဋ္ဌမနှစ် အထိ စာတွေ့နှင့်လက်တွေ့အချိုးမှာ ပျမ်းမျှအားဖြင့် ၇၀း၃၀ မှ ၆၀း၄၀ အထိ ဆောင်ရွက်ရပါကြောင်း တင်ပြအပ်ပါတယ်။ နည်းပညာတက္ကသိုလ်များတွင် ဓာတ်ခွဲခန်းကျွမ်းကျင် ဝန်ထမ်းများရရှိရေးအတွက် ပြည်တွင်းပြည်ပမှ ဝါရင့်ကျွမ်းကျင်သူများကိုဖိတ်ခေါ်၍ လေ့ကျင့်ပျိုးထောင်ခြင်း၊ အရည်အသွေး

စီမံခန့်ခွဲမှုစနစ်(Quality Management System)ထူထောင်နိုင်ရေးအတွက် ဆရာဆရာမများအား Awareness Training များပေးခြင်း၊ Workshop များတက်ရောက်စေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး အရည်အသွေးအာမခံနိုင်ရေးအတွက် စစ်ဆေးမှုခံနိုင်ရန် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ရေးအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါတယ်။

ကွန်ပျူတာတက္ကသိုလ်များအနေဖြင့်လည်း ဘွဲ့ကြိုတန်း ပထမနှစ်မှ ပဥ္စမနှစ်ထိ စာတွေ့၊ လက်တွေ့သင်ခန်းစာများကို ပျမ်းမျှအားဖြင့် ၈၀း၂၀ မှ ၅၀း၅၀ အထိ ဆောင်ရွက်ရပါတယ်။ ကျောင်းသားကျောင်းသူများ ကိုယ်တိုင်လေ့လာသင်ယူနိုင်စွမ်းကို လေ့ကျင့်ပျိုးထောင်ပေးရန် ရည်ရွယ်ချက်ဖြင့် Self-study Hour များကိုလည်း တစ်ပတ်လျှင် အနည်းဆုံး ၃ နာရီမှ ၁၀ နာရီအထိ ထည့်သွင်းပေးထားပါတယ်။ တတိယနှစ်နှင့် စတုတ္ထနှစ်များမှာ အချို့သောဘာသာရပ်များတွင် Project ငယ်များပြုလုပ်ခြင်း ဆောင်ရွက်ခဲ့ရပြီး နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ အနေဖြင့်လည်း ဒုတိယနှစ်ပညာသင်ကာလ Second Semester တွင် Internship အလုပ်သင် အစီအစဉ်ကို မပျက်မကွက်ဆောင်ရွက်ရပါတယ်။ ထို့မျှသာမက မိမိတို့ တက္ကသိုလ်အလိုက် ကျောင်းသားကျောင်းသူများ၏ စာတွေ့၊ လက်တွေ့ပေါင်းစပ်နိုင်သည့်စွမ်းရည်များ၊ တီထွင်ဖန်တီးနိုင်မှု စွမ်းရည်များဖော်ထုတ်နိုင်ရေးအတွက် Project Show များပါဝင်ပြသစေခြင်း၊ ပြည်တွင်းပြည်ပ Project Competition များတွင် ပါဝင်ယှဉ်ပြိုင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

သုတေသနဆိုင်ရာဆွေးနွေးပွဲမှတ်တမ်းများဖြစ်ပါတယ်။ ဒါက လှိုင်တက္ကသိုလ်နယ်မြေအတွင်း Research Seminar ဆောင်ရွက်တဲ့မှတ်တမ်းတင်ပုံဖြစ်ပါတယ်။ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအနေဖြင့် ခွဲဝေရရှိငွေမှ လက်တွေ့ကုန်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းနိုင်ရန် အဆင့်မြင့်ပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၃၉၂၉ သန်း၊ ၂၀၁၇-၂၀၁၈ တွင် ၁၅၅၈၉ သန်း၊ ၂၀၁၈ ခုနှစ်ခြောက်လဘတ်ဂျက်အတွက် ၃၆၉ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ၁၇၁၅၁ သန်း ခွဲဝေသုံးစွဲခဲ့ပြီး တက္ကသိုလ်အသီးသီးအနေနဲ့ မိမိတို့ရရှိတဲ့ရန်ပုံငွေများမှ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်အောက်မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၏ ပေးအပ်သောဘွဲ့နှင့်လျော်ညီသော ပညာအရည်အသွေး သင်ပေးနိုင်ရန်အတွက် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များတွင် စာတွေ့များကာ လက်တွေ့များမျှတစေရန် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းခြင်း၊ လက်တွေ့ဆောင်ရွက်ခိုင်းမှု၊ ကွင်းဆင်း လေ့လာမှု၊ စာတမ်းတင်ခိုင်းမှုများပြုလုပ်၍ အဆင့်မြင့်ပညာမြှင့်တင်မှု ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုမှာ ဒီအဆိုပါလုပ်ငန်းရပ်များအတိုင်း ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ရေတိုရေရှည်မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ဆဲရှိသောလုပ်ငန်းများဖြစ်ပါ သဖြင့် မှတ်တမ်းအဖြစ်ထားရှိနိုင်ပါရန် ပညာရေးဝန်ကြီးဌာနမှ တင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ကတော့ ပထမဦးဆုံးပြောချင်တာကတော့ ကျွန်တော်အဆိုတင်သွင်းစဉ်က ထောက်ခံဆွေးနွေးပေးခဲ့တဲ့ အလုံမဲဆန္ဒနယ်က ဦးရဲလွင်ကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ အခု ဘက်ပေါင်းစုံကနေမှ ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ် သုံးဦးကိုလည်း အရမ်းကျေးဇူးတင်ပါတယ်။ အထူးသဖြင့်တော့ ပထမဦးဆုံးပြန်လည်ဆွေးနွေး ချင်တာကတော့ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ပြောသွားတဲ့အပိုင်း ဖြစ်ပါတယ်။ မှန်ပါတယ်။ ဘာလို့လဲဆိုတဲ့အခါကျတော့ ပေးအပ်သောဘွဲ့နဲ့ လျော်ညီသောဆိုတဲ့စကားလုံးဟာ ဆွေးနွေးတဲ့ ကိုယ်စားလှယ်ကြီးပြောသလို ရှေ့ကလူတွေဟာ အရည်အချင်းမရှိဘူးလို့၊ ရှေ့ကဘွဲ့တွေဟာ အရည်အချင်းမရှိဘူးလို့ ဆိုလိုချင်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင်လည်းပဲ ဒီရှေ့ကဘွဲ့ရတွေ ရဲ့သင်ကြားပေးမှုနဲ့ပဲ စာတွေတတ်မြောက်လာကြတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးပြောသွားတဲ့ ထဲမှာလည်းပါပါတယ်။ ပညာရေးက ခေတ်အဆက်ဆက်ကိုဖြတ်ခဲ့ရတော့ ကျွန်တော်တို့မြန်မာနိုင်ငံ ပညာရေးမြင့်တက်နေတဲ့အခြေအနေရှိသလို ပညာရေးနိမ့်ကျနေတဲ့အခြေအနေလည်းရှိပါတယ်။ ဒါကလည်း မျက်ဝါးထင်ထင်မြင်ရတဲ့အခြေအနေပါ။ ကျွန်တော်တို့နိုင်ငံကို တစ်ချိန်တုန်းကဆိုရင် နိုင်ငံတကာကတောင်မှ ပညာလာပြီးတော့မှသင်ရတဲ့အခြေအနေရှိပါတယ်။ နောင်ဒီကြားထဲမှာ ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ဘွဲ့တွေကို နိုင်ငံတကာမှာဆိုလို့ရှိရင် အသိအမှတ်မပြုခံရတဲ့အခြေအနေမျိုး

တွေလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ကျွန်တော်အဓိက ရည်ရွယ်ချင်တာက ဘာလဲဆိုတော့ ဒီဘွဲ့တွေပေးတဲ့အခါမှာ Quality Education ကို အဓိကရည်ရွယ်ချင်တာဖြစ်ပါတယ်။ ပေးလိုက်တဲ့ဘွဲ့အတွက်ကို Optimal Result ရအောင် ကျွန်တော်တို့က ဆောင်ရွက်ချင်တာဖြစ်ပါတယ်။ အဓိကကတော့ ခုနတုန်းက ဒုတိယဝန်ကြီးပြောသွားတဲ့အတိုင်းပဲ အင်္ဂလိပ်စာနဲ့ဘွဲ့ရတဲ့လူတစ်ယောက်ဟာ ဘွဲ့လက်မှတ်ကိုကိုင်ပြီး ကျွန်တော်အင်္ဂလိပ်စာနဲ့ဘွဲ့ရတယ်။ အင်္ဂလိပ်စာနဲ့ပတ်သက်တဲ့အလုပ်ကို လုပ်ချင်တယ်။ ဘူမိနဲ့ဘွဲ့ရတယ်ဆိုရင် ဘူမိနဲ့ပညာတတ်တယ်၊ ဘွဲ့ရခဲ့တယ်။ အလုပ်လုပ်ချင်တယ်ဆိုတာ ဒါမျိုးပုံစံမျိုးနဲ့သက်ဆိုင်တဲ့လုပ်ငန်းတွေ ရနိုင်ရေးအတွက်ကို ကျွန်တော်အဓိကရည်ရွယ်ပြီးတော့မှ ဆိုလိုခြင်းဖြစ်ပါတယ်။ အခု ဝန်ကြီးဌာနကရှင်းတဲ့အခါမှာလည်းပဲ မဟာဗျူဟာတွေ ချမှတ်ပြီးတော့မှ ရေတိုရေရှည်စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပြီဖြစ်တယ်ဆိုတာကို သိရတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ဆက်ပြီး မတိုင်ခင်ကလည်း ကြားထဲမှာလေ့လာခဲ့ရတာတွေက တကယ်လည်းဆောင်ရွက်နေရတာတွေလည်းဖြစ်တယ်ဆိုတာ တွေ့ရတဲ့အတွက်ကြောင့်မို့လို့ မှတ်တမ်းတင်ထားမှုကိုလည်း သဘောတူပါတယ်။ တစ်ခုတည်းပဲ ကျွန်တော့်အနေနဲ့ တောင်းဆိုချင်တာရှိပါတယ်။ ဘာလဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက ဆွေးနွေးခဲ့တဲ့ ဆွေးနွေးချက်ပါအချက်တွေပေါ်မှာ သတိပြုပြီးတော့မှ တချို့ဆောင်ရွက်ရမယ့်အပိုင်းလေးတွေကို အင်အားဖြည့်ပြီးတော့မှ ဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်မှုတွေကိုလည်းပဲ လွှတ်တော်ကနေမှ၊ မှတ်တမ်းတင်ပြီးတော့မှ စောင့်ကြည့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်သုံးဦးကဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမျိုးဇော်အောင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)ရက်မြောက်နေ့ဆက်လက် ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒသမနေ့ (၂၄.၅.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Saw Kyaw Win Maung



U Win Maw Htun

pyithu.hluttaw.mm



Daw Khin Saw Wai



U Win Maw Htun

pyithu.hluttaw.mm



Dr Maung Thin



U Win Maw Htun

pyithu.hluttaw.mm



Dr Ye Myint Swe



Dr Daw Pyone

pyithu.hluttaw.mm



Dr Ye Myint Swe



U Aung Kyaw Lwin

pyithu.hluttaw.mm



Dr Ye Myint Swe



U Arr Moe Si

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်